# မသန်စွမ်းမှုဆိုင်ရာ ဝေါဟာရအသုံးအနှုန်းများ လက်စွဲလမ်းညွှန်စာအုပ်

# Disability Terminology Handbook

USAID FROM THE AMERICAN PEOPLE

M.F.P.D

MDDA

fhi 360 THE SCIENCE OF IMPROVING LIVES

မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်၊ မြန်မာနိုင်ငံနားမကြားသူများဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ မသန်စွမ်းအဖွဲ့အစည်းများ၊ မသန်စွမ်း ကျောင်းများနှင့် မသန်စွမ်း အရေး ဆောင်ရွက်နေကြသော အဖွဲ့အစည်းများ/လူပုဂ္ဂိုလ်များ ၏ ပူးပေါင်းပါဝင်မှုဖြင့် ပြုစုထားပါသည်။

ဤပုံနှိပ်ထုတ်ဝေခြင်းကို အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (USAID) ၏ ငွေကြေးထောက်ပံ့မှုဖြင့် Family Health International (FHI 360) ၏ နှစ်ဖက်သဘောတူညီချက်/ရန်ပုံငွေအမှတ် 720-482-18-LA-00001 ဖြင့် ပုံနှိပ်ထုတ်ဝေပါသည်။ ပုံနှိပ်ထုတ်ဝေရာတွင် ပါရှိသည့် အကြောင်းအရာများသည် FHI 360 သို့မဟုတ် USAID ၏ သဘောထားအမြင်၊ လေ့လာသုံးသပ်ချက်၊ သို့မဟုတ် ပေါ်လစီမူဝါဒများနှင့် မသက်ဆိုင်သကဲ့သို့ မည်သည့် ကုန်သွယ်မှုဆိုင်ရာ အမည်များ၊ စီးပွားရေးအရ ထုတ်ဝေသည့် ထွက်ကုန်များ သို့မဟုတ် အဖွဲ့အစည်းများကိုမျှ ထောက်ခံချက်ပေးသည့်သဘော မသက်ရောက်စေပါ။

# မာတိကာ

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ၏ ဥယျောဇဉ်

ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေး ၏ အမှာစကား

မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် ယာယီဥက္ကဋ္ဌ ဦးသိန်းလွင်၏ ကျေးဇူးတင်စကား


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | ၁ |
| (၁) | ရည်ရွယ်ချက် | ၂ |
| (၂) | မြန်မာနိုင်ငံအတွင်းရှိ မသန်စွမ်းသူများ၏ အခြေအနေ | ၃ |
| (၃) | မြန်မာနိုင်ငံမှ အတည်ပြုထားသည့် မသန်စွမ်းမှုဆိုင်ရာ ဥပဒေမူဘောင်များနှင့် အတည်ပြုသည့် ရက်စွဲများ | ၄ |
| (၄) | မသန်စွမ်းသူများဆိုင်ရာ အထိမ်းအမှတ်နေ့များ | ၅ |
| (၅) | မသန်စွမ်းမှု ဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များ | ၇ |
| (၆) | မသန်စွမ်းမှုဆိုင်ရာ ဝေါဟာရ အသုံးအနှုန်းများ | ၁၁ |
| | (က) ကိုယ်အင်္ဂါ မသန်စွမ်း (Physical Disability) | ၁၂ |
| | (ခ) အမြင်အာရုံ မသန်စွမ်း (Visual Disability) | ၁၃ |
| | (ဂ) အကြားအာရုံ မသန်စွမ်း (Hearing Disability) | ၁၄ |
| | (ဃ) ဉာဏ်ရည်မသန်စွမ်း (Intellectual Disability) | ၁၆ |
| | (င) မသန်စွမ်းမှုတစ်မျိုးထက်ပိုသူ (Multi-disabilities) | ၁၇ |
| (၇) | ပညာရေးဆိုင်ရာ ဝေါဟာရ အသုံးအနှုန်းများ | ၂၂ |
| (၈) | အထောက်အကူပြု ပစ္စည်းများ၊ နည်းပညာဆိုင်ရာများ နှင့် ပတ်သက်သည့် အသုံးအနှုန်းများ | ၂၅ |
| (၉) | မသန်စွမ်းမှုနှင့် မီဒီယာ | ၃၀ |
| (၁၀) | ပူးပေါင်းဆောင်ရွက်ခဲ့သည့် လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ စာရင်း | ၃၂ |
| | မူပိုင်ခွင့် | |
| | ရည်ညွှန်းကိုးကားချက်များ | |

# ဥယျောဇဉ်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းထုတ်ပြန်ခဲ့သည့် မသန်စွမ်းမှုဆိုင်ရာ ကမ္ဘာ့အစီရင်ခံစာ (၂၀၁၀) အရ ကမ္ဘာ့လူဦးရေ သန်းတစ်ထောင်ကျော်သည် မသန်စွမ်းမှု တစ်မျိုးမျိုးကို ခံစားနေရကြောင်း၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ အလုပ်အကိုင်စသည့် အခွင့်အလမ်းများကို အများနည်းတူ လွယ်လင့်တကူ လက်လှမ်းမီ ရရှိခံစားမှု နည်းပါးနေရကြောင်း သိရှိရပါသည်။ အဆိုပါအခြေအနေ များကို လျှော့ချနိုင်စေရန်အတွက် မသန်စွမ်းသူတိုင်း လူ့အခွင့်အရေး နှင့် အခြေခံလွတ်လပ်ခွင့်များ အားလုံးတန်းတူညီမျှရရှိရေး ကာကွယ်စောင့်ရှောက်ရန်နှင့် တိုးမြှင့်လုပ်ဆောင်ပေးရန်၊ မသန်စွမ်းသူများ၏ မွေးရာပါ ဂုဏ်သိက္ခာအား လေးစားမှုရှိစေရန်တို့အတွက် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ ညီလာခံကြီးက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို ၂၀၀၆ ခုနှစ်က ချမှတ်ခဲ့ပြီး မြန်မာနိုင်ငံက ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၇) ရက်နေ့တွင် အဖွဲ့ဝင် နိုင်ငံအဖြစ် အတည်ပြု လက်မှတ်ရေးထိုးခဲ့ပါသည်။

မြန်မာနိုင်ငံအတွင်းရှိ (၂ ဒသမ ၃) သန်းသော မသန်စွမ်းသူများအတွက် အစိုးရက မသန်စွမ်းသူများ၏ အခွင့်အရေး များကို အခြေခံသည့် တရားမျှတမှု၊ ကောင်းကျိုးစီးပွားနှင့် လူ့အဖွဲ့အစည်းအတွင်း အများနည်းတူ ပါဝင်နိုင်ရေးတို့ကို ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေကို (၂၀၁၅) ခုနှစ်တွင် လည်းကောင်း၊ နည်းဥပဒေများကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နေ့တွင်လည်းကောင်း အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။ ထို့အပြင် မသန်စွမ်းသူများ၏ မျှော်လင့်ချက် တစ်ခုဖြစ်သော မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် ပြည်ထောင်စု အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၁၇) ဖြင့် ဖွဲ့စည်းပေးခဲ့ပြီး မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မသန်စွမ်းမှုအလိုက် လုပ်ငန်းအစီအစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်၊ တရားမျှတမှုနှင့် ဥပဒေရေးရာ၊ မသန်စွမ်းမှုဆိုင်ရာ အသိပညာ၊ ရပ်ရွာအတွင်း အများနည်းတူ ပါဝင်ဆောင်ရွက်ခွင့် စသည်တို့နှင့် ပတ်သက်သည့် လုပ်ငန်းအစီအစဉ်များကိုလည်း နိုင်ငံတော်အစိုးရ၏ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ထည့်သွင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အနေဖြင့် မသန်စွမ်းသူများအပေါ် ခွဲခြားဆက်ဆံမှု ကင်းပြီး အပြန်အလှန်လေးစားတန်ဖိုးထားမှုရှိသည့် လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာစေရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိရာ မသန်စွမ်းမှုဆိုင်ရာ အသုံးအနှုန်းများကို ခေါ်ဝေါ်သုံးစွဲရာတွင်လည်း မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာကို မထိခိုက်စေသည့် အသုံးအနှုန်းများကိုသာ ခေါ်ဝေါ်သုံးစွဲခြင်းဖြင့် အပြန်အလှန် လေးစားတန်ဖိုးထားသည့် လူ့အဖွဲ့အစည်းတစ်ရပ်ကို အားလုံးအတူတကွ ဖော်ဆောင်သွားကြရမည် ဖြစ်ပါသည်။

ယခုအခါ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မသန်စွမ်းသူများအား ဂုဏ်သိက္ခာရှိစွာ ခေါ်ဝေါ်သုံးနှုန်းနိုင်မည့် မသန်စွမ်းမှုဆိုင်ရာ ဝေါဟာရအသုံးအနှုန်း လက်စွဲလမ်းညွှန်စာအုပ်ကို ထုတ်ဝေနိုင်ခဲ့ပြီ ဖြစ်ပါသည်။ အဆိုပါ လက်စွဲလမ်းညွှန်စာအုပ်ကို ရည်ညွှန်း ကိုးကားလျက် မသန်စွမ်းသူများ၏ အရေးကိစ္စအတွက် ဆောင်ရွက်လျက်ရှိသော နိုင်ငံတော်၏ လုပ်ငန်းအစီအစဉ်များတွင် မသန်စွမ်းသူများကို သင့်တော်လျောက်ပတ်စွာ သုံးနှုန်းလာကြမည်ဟု ယုံကြည်ပါသည်။ ထို့ပြင် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီ၏ လုပ်ငန်းစဉ်များ အတွက်လည်း အထောက်အကူ ဖြစ်စေမည်ဟု မျှော်လင့်ပါသည်။

ဤမသန်စွမ်းမှုဆိုင်ရာ ဝေါဟာရအသုံးအနှုန်း လက်စွဲလမ်းညွှန်စာအုပ် ထွက်ပေါ်လာရေးအတွက် ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသူများ အားလုံးကို အသိအမှတ်ပြုအပ်ပါသည်။

ဦးဟင်နရီဗန်ထီးယူ
ဒုတိယသမ္မတ (၂)
ဥက္ကဋ္ဌ
မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီ

# အမှာစကား

ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းက ၂၀၀၆ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီး မြန်မာနိုင်ငံက ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၇) ရက်နေ့တွင် လက်မှတ်ရေးထိုး အတည်ပြုခဲ့သော မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းတွင် မသန်စွမ်းသူများအပေါ် တန်းတူညီမျှ ဆက်ဆံရန်နှင့် ခွဲခြားဆက်ဆံမှု မပြုစေရန်အတွက် အပိုဒ် (၅) တွင် လည်းကောင်း၊ မသန်စွမ်းသူတိုင်းကို အခြားသူများနည်းတူ ယင်းတို့၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဂုဏ်သိက္ခာကို လေးစားမှု ခံယူပိုင်ခွင့် ရှိသည်ဟု အပိုဒ် (၁၇) တွင် လည်းကောင်း၊ ဖော်ပြထားပါသည်။

မြန်မာနိုင်ငံအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုး အတည်ပြု ထားသည့် နည်းတူ မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်ရေးကို အလေးထားကာ ဝန်ကြီး ဌာနများနှင့် လည်းကောင်း၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လည်းကောင်း၊ မသန်စွမ်း အဖွဲ့အစည်းများ နှင့် လည်းကောင်း၊ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသားများ အားလုံးအတွက် မွေးစမှ သေဆုံးချိန်အထိ လိုအပ်သော လုပ်ငန်းစဉ်မှန်သမျှကို ထောက်ပံ့ကူညီ ပံ့ပိုးပေးနေသော ဝန်ကြီးဌာန တစ်ခုလည်း ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့်မသန်စွမ်းသူများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက် မြှင့်တင်ပေးရန် ရည်ရွယ်ပြီး မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများကို ထုတ်ပြန်ခဲ့သည့် နည်းတူ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု မူဘောင်ပါ ရည်မှန်းချက် (၁၇) ရပ်တွင် မသန်စွမ်းသူများ အကျုံးဝင် ပါဝင်လာစေရေးအတွက် ဝန်ကြီးဌာန၏ လုပ်ဆောင်နိုင်စွမ်းကို တိုးချဲ့သည့်အနေဖြင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့ပါသည်။

မသန်စွမ်းသူများသည် မသန်စွမ်းမှုရှိကြသော်လည်း ၎င်းတို့၏ စိတ်ပိုင်းဆိုင်ရာများမှာ သန်စွမ်းသူများ ဖြစ်ကြပါသည်။ မသန်စွမ်းမှု နှင့် ပတ်သတ်၍ သုံးနှုန်းနေကြသော တချို့သော ဝေါဟာရအသုံးအနှုန်းများသည် မသန်စွမ်းသူများကို စိတ်ပိုင်း ဆိုင်ရာထိခိုက်မှုများ ဖြစ်ပေါ်စေသည်။ မသန်စွမ်းမှုကို ခံစားရသည့်အပြင် ထပ်မံ၍ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားမှု ဖြစ်ရပါက အဆိုပါ အခြေအနေကို ဆုတ်ယုတ်ကျဆင်းမှုဟု ပြောနိုင်ပါသည်။ ခွဲခြားဆက်ဆံရာရောက်သည့် စကားလုံး အသုံးအနှုန်းများ ကြောင့်သာ လူအချင်းချင်းကြားတွင် ချစ်ခြင်း၊ မုန်းခြင်း ခံစားချက်များ ဖြစ်ပေါ်လာစေပါသည်။

နိုင်ငံသားအားလုံးနှင့် သက်ဆိုင်သော ဖွံ့ဖြိုးတိုးတက်မှုသို့ သွားရာတွင် မသန်စွမ်းသူများနှင့် သက်ဆိုင်သည့် အသုံးအနှုန်းများမှာလည်း အပြုသဘောဆောင်ပြီး ၎င်းတို့၏ စိတ်ဓာတ်ကို တက်ကြွစေမည့် အသုံးအနှုန်းများဖြစ်စေရန် လွန်စွာ အရေးကြီးလှပေသည်။

နှစ်ပေါင်းများစွာ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း အရိုးစွဲနေသည့် မသန်စွမ်းသူများအပေါ် ခေါ်ဝေါ်သုံးစွဲနေမှုများကို အပြုသဘောဆောင်သော ခေါ်ဝေါ်သုံးစွဲမှုများအဖြစ် ပြောင်းလဲဖော်ဆောင်နိုင်ရေးအတွက် အထောက်အကူ ဖြစ်စေမည့် မသန်စွမ်းမှု ဆိုင်ရာ ဝေါဟာရ အသုံးအနှုန်းလက်စွဲ လမ်းညွှန်စာအုပ် ထွက်ပေါ်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ဦးဆောင်ပေး ခဲ့သော မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသော မြန်မာနိုင်ငံ နားမကြားသူများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့နှင့် မသန်စွမ်းအသင်းအဖွဲ့များ၊ ရန်ပုံငွေ ထောက်ပံ့ကူညီပေးသော USAID နှင့် FHI 360 Myanmar တို့ကိုလည်း အသိအမှတ် ပြု မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

ဤလက်စွဲလမ်းညွှန်စာအုပ်ကို ကောင်းမွန်စွာ အသုံးချလျက် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ ရေးဆွဲရာတွင် လည်းကောင်း၊ မီဒီယာစာမျက်နှာများ၌ ဖော်ပြရာတွင် လည်းကောင်း၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်း အသီးသီးမှ မသန်စွမ်းမှုရေးရာ ကိစ္စရပ်များ ရည်ညွှန်းကိုးကားရာတွင် လည်းကောင်း၊ မသန်စွမ်းမှုဆိုင်ရာ အသုံးအနှုန်းများကို နယ်ပယ် ကဏ္ဍ အသီးသီးတွင် သင့်လျော်မှန်ကန်စွာ သုံးစွဲကြခြင်းဖြင့် မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်မည်ဟု မျှော်လင့်ပါသည်။

ဒေါက်တာဝင်းမြတ်အေး

ပြည်ထောင်စုဝန်ကြီး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

ဒုတိယဥက္ကဋ္ဌ (၁)

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ

# ကျေးဇူးတင်စကား

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံဖြစ်ပြီး လူ့အခွင့်အရေး နှင့် မသန်စွမ်းသူများ အရေးကိစ္စတို့ကို ဦးစားပေး ဆောင်ရွက်လျက် ဂုဏ်သိက္ခာရှိစွာဖြင့် ရပ်တည်လျက် ရှိသည်။ နိုင်ငံတော်အနေဖြင့် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်ပြီး ကုလသမဂ္ဂမှ ထုတ်ပြန်ပြဋ္ဌာန်းထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များကို စိစစ်လျက် သဘောတူ လက်မှတ်ရေးထိုး အတည်ပြုပြီး ဖြစ်ပါသည်။ ကုလသမဂ္ဂ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် - UNCRPD ကို နိုင်ငံတော်အစိုးရက ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာ လ (၇) ရက်နေ့တွင် လက်မှတ်ရေးထိုး အတည်ပြုခဲ့ပြီး စာချုပ်ပါ ပြဋ္ဌာန်းချက်များအရ မြန်မာနိုင်ငံမသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေ ၂၀၁၅ ကိုလည်းကောင်း၊ နည်းဥပဒေများကို ၂၀၁၇ ခုနှစ်တွင်လည်းကောင်း၊ အတည်ပြု ထုတ်ပြန် နိုင်ခဲ့ပါသည်။

နိုင်ငံတော်က အတည်ပြုပြီးသည့် မြန်မာနိုင်ငံမသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေ ၂၀၁၅ ၏ ပြဋ္ဌာန်းချက် ပုဒ်မ - ၃၊ ပုဒ်မခွဲ (င) တွင် - မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ စွမ်းရည်နှင့် စွမ်းဆောင်နိုင်မှုများကို နိုင်ငံတော်နှင့် နိုင်ငံသားတို့က အသိအမှတ်ပြုနိုင်ရန် ဟူ၍ လည်းကောင်း၊ ပုဒ်မခွဲ (ဆ) တွင် - မသန်စွမ်းသူများအား နယ်ပယ်အားလုံးတွင် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ လျော့နည်း ပပျောက်စေရန်နှင့် ထိုသို့ခွဲခြား ဆက်ဆံမှုများ မပြုစေရေးအတွက် ဥပဒေအရ ကာကွယ်ပေးရန် ဟူ၍ လည်းကောင်း ဖော်ပြပါရှိသည်။

လတ်တလောကာလအတွင်း ရုပ်ရှင်နှင့်ဗွီဒီယို အချို့တို့တွင်လည်းကောင်း၊ သတင်းနှင့် သရုပ်ဖော်ကာတွန်း အချို့တို့တွင်လည်းကောင်း၊ မသန်စွမ်းသူများအပေါ် ဂုဏ်သိက္ခာထိခိုက်စေသည့် အသုံးအနှုန်းများ၊ အရေးအသားများ နှင့် ရုပ်ပုံဖော်ပြချက်များ တွေ့ရှိနေရပါသည်။ အဆိုပါအသုံးအနှုန်းများကို မသိနားမလည်မှု ကြောင့်လည်းကောင်း၊ သင့်တော်သည့် အသုံးအနှုန်းများ မသိရှိခြင်းကြောင့်လည်းကောင်း၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ ၂၀၁၅ ပါပြဋ္ဌာန်းချက်များ ကို မသိရှိခြင်းကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာရခြင်းဟု ယူဆမိပါသည်။ ထို့ကြောင့် မသန်စွမ်းသူများအပေါ် အပြုသဘောဆောင်သည့် အမြင်များဖြင့် မီဒီယာများအပါအဝင် နေရာဌာနတိုင်းတွင် သုံးနှုန်း ဖော်ပြလာစေရေးမှာ အရေးကြီးသည့် လုပ်ငန်း တစ်ရပ်ဖြစ်ပါသည်။ မြန်မာနိုင်ငံမသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေ ၂၀၁၅ ၏ ပြဋ္ဌာန်းချက် ပုဒ်မ - ၃၊ ပုဒ်မခွဲ (င) တွင် ဖော်ပြထားသည့် အတိုင်း မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းရေး၊ ပုဒ်မခွဲ (ဆ) တွင် ဖော်ပြထားသည့် အတိုင်း ခွဲခြားဆက်ဆံမှု လျော့နည်း ပပျောက်စေရေး စသည်တို့ကို အကောင်အထည်ဖော်နိုင်ရန်အတွက် မသန်စွမ်းမှုဆိုင်ရာ သင့်တော်သည့် အသုံးအနှုန်း လက်စွဲ လမ်းညွှန် စာအုပ် လိုအပ်လျက်ရှိသည်။

ယခု ထွက်ပေါ်လာသည့် ဤမသန်စွမ်းမှုဆိုင်ရာ သုံးနှုန်းသင့်သော အသုံးအနှုန်းများ လက်စွဲ လမ်းညွှန်စာအုပ်သည် အဆိုပါလိုအပ်ချက်များကို တစ်စိတ်တစ်ပိုင်း ဖြည့်ဆည်း ပေးနိုင်မည်ဟု ယုံကြည်ပါသည်။ အဆိုပါ စာအုပ်ကို အသုံးပြု ခြင်းအားဖြင့် မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းနိုင်ခြင်း၊ မသုံးသင့်သော အသုံးအနှုန်းများကြောင့် ဖြစ်ပေါ်လာရသည့် ခွဲခြား ဆက်ဆံမှုများကို လျော့နည်းလာစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဟု မျှော်လင့်ပါသည်။

ဤလက်စွဲလမ်းညွှန်စာအုပ် ထွက်ပေါ်လာရေးအတွက် လမ်းညွှန်မှုပေးပါသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လိုအပ်သည်များ ပံ့ပိုးပေးပါသော USAID နှင့် FHI 360 Myanmar ၊ ပူးပေါင်း လုပ်ဆောင်ပေးပါသော မြန်မာနိုင်ငံနားမကြားသူများဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ မသန်စွမ်းမှုဆိုင်ရာ အသုံးအနှုန်းများ ဖော်ထုတ်ရာတွင် တက်ကြွစွာ ပါဝင်ဆွေးနွေးပေးကြသော နိုင်ငံတဝန်းလုံးရှိ မသန်စွမ်းသူများ၊ မသန်စွမ်းအသင်းအဖွဲ့များ၊ မသန်စွမ်းကျောင်းများမှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကျွမ်းကျင်သူများ၊ ပြည်နယ်နှင့်တိုင်းတို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာစာဌာနမှ ပါမောက္ခနှင့် ကထိကများ၊ အခြားသော ကျေးဇူးတင်ထိုက်သူများ အားလုံးကို ကျေးဇူးဥပကာရ တင်ရှိပါကြောင်း အသိအမှတ်ပြု ဖော်ပြလိုပါသည်။

မြန်မာနိုင်ငံအတွင်းရှိ မသန်စွမ်းသူများ၏ အရေးကိစ္စများကို ရုပ်သံများ၊ သတင်းမီဒီယာများတွင် ရေးသား၊ ဖော်ပြရာ၌ ဤလက်စွဲလမ်းညွှန်စာအုပ်ကို ရည်ညွှန်းကိုးကား အသုံးပြုခြင်းဖြင့် မသန်စွမ်းသူများအားလုံး၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းမြှင့်တင်နိုင်မည် ဖြစ်သည့်အပြင် ခွဲခြားဆက်ဆံမှုများကိုလည်း လျော့နည်း လာစေမည်ဟု ယုံကြည်ပါသည်။

ဦးသိန်းလွင်
ယာယီဥက္ကဋ္ဌ
မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်

# နိဒါန်း

မြန်မာနိုင်ငံတွင် မသန်စွမ်းသူများအရေးကို လွန်ခဲ့သော နှစ်ပေါင်း တစ်ရာကျော်မှ စတင်ဆောင်ရွက်ခဲ့ကြပါသည်။ ၁၉၁၄ ခုနှစ်တွင် ကြည့်မြင်တိုင်မျက်မမြင်ကျောင်းကိုလည်းကောင်း၊ ၁၉၂၀ ခုနှစ်တွင် မေရီချက်ပ်မင်းနားမကြားကျောင်းကို လည်းကောင်း စတင်တည်ထောင်ချိန်မှ အစပြု၍ မသန်စွမ်းသူများအရေးကို စတင်ဆောင်ရွက်လာခဲ့ကြောင်းကို သမိုင်း အထောက်အထားအဖြစ် တွေ့ရှိရပါသည်။ ထို့ပြင်မသန်စွမ်းသူများကိုယ်တိုင် မသန်စွမ်းသူများအရေး စုပေါင်း ဆောင်ရွက်ကြ သည့် အဖွဲ့အစည်းများကိုလည်း ဖွဲ့စည်းဆောင်ရွက်ခဲ့ကြပြီး လက်ရှိဆောင်ရွက်နေသည့် အဖွဲ့အစည်းများအနက် ၁၉၉၆ ခုနှစ် တွင် စတင် ဖွဲ့စည်းတည်ထောင်ခဲ့သော မြန်မာနိုင်ငံမျက်မမြင်အသင်းသည် အစောဆုံးတည်ထောင်ခဲ့သော မသန်စွမ်းသူများ ၏ အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ ထိုအဖွဲ့အစည်းများအနေဖြင့် မသန်စွမ်းသူများ၏ အရေးကိစ္စများ နှင့် ရပိုင်ခွင့်များကို ကဏ္ဍစုံမှ ဆောင်ရွက်ခဲ့ကြရာတွင် မသန်စွမ်းသူများ အခွင့်အရေးများတန်းတူရရှိရေးသည် အားလုံး၏တူညီသော ရည်မှန်းချက် တစ်ခု ဖြစ်ပါသည်။ မသန်စွမ်းသူများ၏ အဖွဲ့အစည်းများအနေဖြင့် ရည်မှန်းချက်သို့ရောက်ရှိရန် ဆောင်ရွက်ကြရာတွင် မသန်စွမ်းမှုနှင့် မသန်စွမ်းသူများဆိုင်ရာ ကိုးကားရည်ညွှန်းနိုင်သည့် အထောက်အထားများ ပြုစု၊ ရေးသားထုတ်ဝေခြင်းများကိုလည်း အဓိက လုပ်ငန်းစဉ်တစ်ခုအဖြစ် ဆောင်ရွက်ခဲ့ကြပါသည်။ ထို့ပြင် နိုင်ငံတော်အနေဖြင့်လည်း ၂၀၁၁ ခုနှစ်တွင် ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းသို့ အဖွဲ့ဝင်အဖြစ်အတည်ပြု ဝင်ရောက်ခြင်း၊ ၂၀၁၅ ခုနှစ်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ နှင့် ၂၀၁၇ ခုနှစ်တွင် နည်းဥပဒေများ ပြဋ္ဌာန်းခြင်း၊ ဒုတိယသမ္မတ ဦးဆောင်သည့် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်းများအပြင် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနှင့် သက်ဆိုင်သော စည်းမျဉ်းများ၊ မူဘောင်များအား ချမှတ်လိုက်နာအကောင်အထည်ဖော်ခြင်းဖြင့် မသန်စွမ်းသူများအတွက် တန်းတူညီမျှသော အခွင့်အရေးများရရှိရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။ သို့သော် ခွဲခြားဆက်ဆံမှုနှင့် အခွင့်အရေးတန်းတူညီမျှ မရရှိခြင်းများတွင် မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာကို ထိပါးစေခြင်းသည် မသန်စွမ်းသူများအတွက် ကြီးမားသော အတားအဆီးတစ်ခုအဖြစ် တည်ရှိနေဆဲ ဖြစ်ပါသည်။ မသန်စွမ်းသူများ၏ အရေး ကိစ္စများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လာသော ယနေ့ခေတ်ကာလတွင် ခွဲခြားဆက်ဆံမှုများစွာရှိနေသေးသည့်အနက် မသန်စွမ်းသူများအား လွဲမှားစွာ ခေါ်ဝေါ်သုံးစွဲမှုများသည် မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ နှင့် စွမ်းဆောင်နိုင်မှု များကို လျစ်လျူရှုရာ ရောက်သည့်အပြင် ပြောင်းလဲလာသော မသန်စွမ်းမှုဆိုင်ရာအမြင်များနှင့်လည်း လိုက်လျောညီထွေ မရှိကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ မှန်ကန်သော အသုံးအနှုန်းများ နှင့် အခေါ်အဝေါ်များကို သိရှိလေ့လာလိုလျှင် သော်လည်းကောင်း၊ လက်ရှိ မှားယွင်းသုံးစွဲနေသည်ဆိုသည့် အသုံးအနှုန်းသည် မည်သို့သော အကြောင်းကြောင့် မှားယွင်းသည် ဟူသည့် ဖြေရှင်းချက်များကို သော်လည်းကောင်း လေ့လာနိုင်မည့် မသန်စွမ်းမှု နှင့် မသန်စွမ်းသူများဆိုင်ရာ စံပြုအပ်သော အသုံးအနှုန်းများ အား မသန်စွမ်းသူများကိုယ်တိုင် စုပေါင်းပြုစုခြင်းဖြင့် လစ်ဟာနေသည့် ကွက်လပ်တစ်ခုအား ဖြည့်ဆည်းဆောင်ရွက် နိုင်ခဲ့ခြင်းပင် ဖြစ်ပါသည်။

ဤစာအုပ်တွင် မသန်စွမ်းမှုဆိုင်ရာ အခြေခံသတင်းအချက်အလက်များ နှင့် မသန်စွမ်းမှုဆိုင်ရာ အခေါ်အဝေါ် အသုံး အနှုန်းများဟူ၍ ကဏ္ဍနှစ်ခု ခွဲခြားလေ့လာနိုင်ပြီး မသန်စွမ်းမှုဆိုင်ရာ အခေါ်အဝေါ်အသုံးအနှုန်းများတွင်လည်း မသန်စွမ်းမှု အမျိုးအစားအလိုက် အခေါ်အဝေါ်များ၊ မသန်စွမ်းမှုနှင့် စပ်ဆိုင်သည့် နည်းပညာအသုံးအနှုန်းများ၊ မီဒီယာများတွင် သတိပြုရမည့် အချက်များကို အသေးစိတ်ဖော်ပြထားပါသည်။

# ၁။ ရည်ရွယ်ချက်

လက်စွဲစာအုပ်ထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်များမှာ -

- မြန်မာနိုင်ငံအတွင်းရှိ မသန်စွမ်းသူများ၊ မသန်စွမ်းမှုနှင့် ဆက်စပ်ပတ်သက်သော အဖွဲ့အစည်းများအားလုံး သဘောတူလက်ခံသည့် မသန်စွမ်းမှုဆိုင်ရာ ဝေါဟာရ အသုံးအနှုန်းလမ်းညွှန်စာအုပ် အဖြစ်အသုံးပြုရန်၊
- ထွက်ပေါ်လာသည့် မသန်စွမ်းမှုဆိုင်ရာ ဝေါဟာရအသုံးအနှုန်း လမ်းညွှန်စာအုပ်တွင် ပါဝင်သည့် အချက်အလက်များကို ရည်ညွှန်းကိုးကားလျက် အစိုးရ၊ လွှတ်တော်၊ တရားစီရင်ရေးနှင့် မီဒီယာအပါအဝင် မဏ္ဍိုင် (၄) ရပ် စလုံးတွင် မသန်စွမ်းသူများအား ၎င်းတို့၏ နိုင်ငံသားအခွင့်အရေး၊ ဂုဏ်သိက္ခာတို့နှင့်အညီ သုံးနှုန်းဖော်ပြလာစေရန်၊
- မသန်စွမ်းသူများနှင့် ပတ်သက်၍ မှန်ကန်သော အသုံးအနှုန်းများကို သုံးနှုန်းခြင်းအားဖြင့် မသန်စွမ်းသူများ၏ လူမှုဘဝအခြေအနေကို မြှင့်တင်ရန်နှင့် မသန်စွမ်းသူများ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်း ပိုမိုအကျုံးဝင် ပါဝင်လာနိုင်စေရန်တို့ ဖြစ်ပါသည်။

## ၂။ မြန်မာနိုင်ငံအတွင်းရှိ မသန်စွမ်းသူများ၏ အခြေအနေ

မြန်မာနိုင်ငံသည် လူဦးရေ ၅၁ သန်းကျော်ရှိသော ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်ပြီး နိုင်ငံအတွင်း ဆင်းရဲနွမ်းပါးမှု ရာခိုင်နှုန်းမှာ ၂၀၁၇ ခုနှစ်၊ ကမ္ဘာ့ဘဏ်၏ သတ်မှတ်ချက်အရ ၃၇ ရာခိုင်နှုန်း အထိရှိပါသည်။[1] မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ ၂၀၁၄ သန်းခေါင် စာရင်းအရ တစ်နိုင်ငံလုံးတွင် မသန်စွမ်းသူ လူဦးရေ ၂ ဒသမ ၃ သန်း၊ နိုင်ငံလူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်း ဖြစ်ပါသည်။ ကိုယ်အင်္ဂါ မသန်စွမ်းသူများမှာ ၁ ဒသမ ၉ ရာခိုင်နှုန်း၊ အမြင်အာရုံမသန်စွမ်းသူများမှာ ၂ ဒသမ ၅ရာခိုင်နှုန်း၊ အကြားအာရုံ မသန်စွမ်းသူများမှာ ၁ ဒသမ ၃ ရာခိုင်နှုန်းနှင့် ဉာဏ်ရည် မသန်စွမ်းသူများမှာ ၁ ဒသမ ၇ ရာခိုင်နှုန်း ဖြစ်ပါသည်။ နေပြည်တော် ပြည်ထောင်စုနယ်မြေ အပါအဝင်တိုင်းဒေသကြီး၊ ပြည်နယ် ၁၄ ခု တွင် ဧရာဝတီတိုင်းဒေသကြီး သည် ၇ ဒသမ ၆၄ ရာခိုင်နှုန်းဖြင့် မသန်စွမ်းသူ အများဆုံးဖြစ်ပြီး နေပြည်တော်ပြည်ထောင်စုနယ်မြေသည် ၃ ဒသမ ၁၅ ရာခိုင်နှုန်း ဖြင့် အနည်းဆုံးဖြစ်ပါသည်။

မသန်စွမ်းသူများနှင့်သက်ဆိုင်သည့်အရေးကိစ္စများအတွက် ဗဟိုချက်ဌာနအဖြစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အမျိုးသား ကော်မတီ၏ ရုံးအဖွဲ့တာဝန်ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ မသန်စွမ်းသူများအခွင့်အရေးများဆိုင်ရာ မူဝါဒများ တိုးတက်ရေးအပါအဝင် မြန်မာနိုင်ငံလူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာလုပ်ငန်းစဉ်အရ မသန်စွမ်း သူများ အတွက် ငွေကြေးထောက်ပံ့ခြင်း၊ ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ တိုင်းတာစစ်ဆေးခြင်း (Early Childhood Intervention) လုပ်ငန်းစဉ်များဆောင်ရွက်ခြင်း၊ မသန်စွမ်းအထူးကျောင်းများဖွင့်လှစ်၍ မသန်စွမ်းမှုအလိုက် လေ့ကျင့် ပညာပေးသင်ကြားပေးခြင်း၊ ပြည်တွင်းပြည်ပမသန်စွမ်းသူများအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်သည် ၂၀၁၅ ခုနှစ် မသန်စွမ်းသူများအခွင့်အရေးဥပဒေအရ ဖွဲ့စည်းခဲ့သည့် မသန်စွမ်းသူများ၏ နိုင်ငံအဆင့် မသန်စွမ်းအဖွဲ့အစည်းဖြစ်ပြီး လက်ရှိတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် မသန်စွမ်းသူများ အဖွဲ့များကို ဖွဲ့စည်းလျက်ရှိပါသည်။ ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မသန်စွမ်းသူများ၏ စာတတ်မြောက်မှုနှုန်းမှာ ၇၄ ဒသမ ၈ ရာခိုင်နှုန်း ဖြစ်ပြီး မသန်စွမ်းမှု ပိုမိုပြင်းထန်လာသည်နှင့်အမျှ စာတတ်မြောက်မှုနှုန်းများစွာ လျော့ကျ သွားသည်ကို တွေ့ရသည်။ ၂၀၁၆ ခုနှစ်တွင် ယူနီဆက်ဖ်နှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံရှိ မသန်စွမ်းကလေးသူငယ်များ အခြေအနေဆန်းစစ်လေ့လာမှုစစ်တမ်းအရ မသန်စွမ်းကလေးငယ် ၃၃ ရာခိုင်နှုန်း သာလျှင် ကျောင်း တက်နိုင်သည့် အခြေအနေဖြစ်ပြီး အသက် ၂ နှစ်မှ ၄ နှစ်အတွင်းရှိ မသန်စွမ်းကလေးငယ်များ၏ ၉၃ ရာခိုင်နှုန်းမှာ မူကြိုပညာရေးနှင့် အလှမ်းဝေးနေဆဲ ဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့ပြင် ၂၀၁၀ ခုနှစ်တွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံ အမျိုးသားအဆင့် မသန်စွမ်းသူများ စစ်တမ်းအရ မသန်စွမ်းသူ ၈၅ ရာခိုင်နှုန်း မှာ အလုပ်လက်မဲ့များအဖြစ် တွေ့ရှိရသည်။ ၎င်းမှာ လက်ရှိ အခြေအနေတွင် မသန်စွမ်းသူများအတွက် အဆင်ပြေသင့်လျော်သည့် ပတ်ဝန်းကျင် ဖန်တီးထားရှိမှု၊ အလုပ်အကိုင်၊ ပညာရေးနှင့် အခြားသော ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ထည့်သွင်းဆောင်ရွက်မှုတို့ကို တိုးတက်လုပ်ဆောင်ရန် လိုအပ်လျက်ရှိပြီး ကဏ္ဍပေါင်းစုံမှ ပါဝင်ပတ်သက်သူများ ပူးပေါင်းပါဝင်ခြင်းဖြင့် အကျိုးဝင်မှုကို မြှင့်တင်ရန်ညွှန်းဆိုလျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် မသန်စွမ်းသူများ၏ အရေးကိစ္စကို ဆောင်ရွက်ပေးရန် ရည်ရွယ်လျက် ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ တွင် ကုလသမဂ္ဂ မသန်စွမ်းသူ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး ကနဦး အစီရင်ခံစာကို ကုလသမဂ္ဂ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာကော်မတီသို့ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၁၅) ရက် နေ့တွင် တင်သွင်း ခဲ့သည်။ အဆိုပါအစိုးရ၏ ကနဦးအစီရင်ခံစာအပေါ် ထင်ဟပ်နိုင်းယှဉ်သည့် မသန်စွမ်းသူများ အသင်းအဖွဲ့များ၏ အစီရင်ခံစာကိုလည်း ၂၀၁၇ ခုနှစ်၊ မေလ (၁၀) ရက်နေ့ တွင် ကုလသမဂ္ဂ မသန်စွမ်းသူများ အခွင့်အရေး ဆိုင်ရာ ကော်မတီ သို့ တင်သွင်းခဲ့သည်။

[1] Myanmar Poverty Assessment 2017: Part One https://www.worldbank.org/en/country/myanmar/publication/myanmar-poverty-assessment-2017-part-one-examination-of-trends

# ၃။ မြန်မာနိုင်ငံမှ အတည်ပြုထားသည့် မသန်စွမ်းမှုဆိုင်ရာ ဥပဒေမူဘောင်များနှင့် အတည်ပြုသည့် ရက်စွဲများ

## မြန်မာနိုင်ငံမှ အတည်ပြုထားသည့် မသန်စွမ်းမှုဆိုင်ရာ ပြည်တွင်းနှင့် နိုင်ငံတကာ ဥပဒေမူဘောင်များ

နိုင်ငံတော်အစိုးရသည် သက္ကရာဇ် ၂၀၀၀ ခုနှစ်နောက်ပိုင်းမှ စတင်၍ မသန်စွမ်းသူများအရေးကိစ္စကို အလေးထား လုပ်ဆောင်ပေးရန် နှင့် ပံ့ပိုးပေးရန် အလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၀၈ ခုနှစ်တွင် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး အဆိုပါဥပဒေ၏ ပုဒ်မ (၃၂)တွင် နိုင်ငံတော်သည် - မိခင်နှင့် ကလေးသူငယ်များ၊ မိဘမဲ့ ကလေးများ၊ ကျဆုံးသော တပ်မတော်သားများ၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်မစွမ်းသူများအား ကြည့်ရှု စောင့်ရှောက်ရမည် ဟု ထည့်သွင်း ဖော်ပြခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် မသန်စွမ်းသူများအတွက် အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း ၂၀၁၀ - ၂၀၁၂ ကို ထုတ်ပြန်ခဲ့ပြီး ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၇) ရက်နေ့တွင် ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုး အတည်ပြုခဲ့သည်။

၂၀၁၂ ခုနှစ်အတွင်းတွင်ပင် အာဆီယံအသိုက်အဝန်းအတွင်း မသန်စွမ်းသူများပါဝင်မှု နှင့် မသန်စွမ်းသူများ၏ အခန်းကဏ္ဍ မြင့်မားရေးဆိုင်ရာ ဘာလီကြေညာချက်၊ အာဆီယံမသန်စွမ်းသူများဆိုင်ရာ ဆယ်စုနှစ်လုပ်ငန်းစဉ် (၂၀၁၁-၂၀၂၀)၊ အာရှပစိဖိတ်ဒေသ မသန်စွမ်းသူများဆိုင်ရာ တတိယဆယ်စုနှစ် လုပ်ငန်းစဉ်ဖြစ်သည့် အင်ချွန်းမဟာဗျူဟာ (၂၀၁၃-၂၀၂၂)၊ ၂၀၁၅ ခုနှစ်တွင် မသန်စွမ်းသူများအတွက် ဂျကာတာကြေညာချက်ကဲ့သို့သောဒေသတွင်းနှင့် နိုင်ငံတကာ မဟာဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်တို့ကို နိုင်ငံတော်က ဆောင်ရွက်ရန် ကတိကဝတ်ပြုခဲ့သည်။

၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော အမျိုးသားအဆင့် လူမှုကာကွယ် စောင့်ရှောက်ရေးမဟာဗျူဟာ၌ မသန်စွမ်းသူများ ကို ဘေးအန္တရာယ်ကြုံတွေ့ရနိုင်ခြေများသည့် ပိုမိုထိခိုက်လွယ်သော လူနည်းစုတစ်ခုအဖြစ် သတ်မှတ်ခဲ့သည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မသန်စွမ်းသူများ၊ မသန်စွမ်းအသင်းအဖွဲ့များ၏ ပူးပေါင်း ဆောင်ရွက်မှုဖြင့် ရေးဆွဲခဲ့သော မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ ကို ပြည်ထောင်စုလွှတ်တော်မှ ဥပဒေ အမှတ် (၃၀) ဖြင့် ၂၀၁၅ ခုနှစ်၊ ဇွန်လ (၅) ရက်နေ့တွင် အတည်ပြုထုတ်ပြန်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ တွင် သတ်မှတ် ပြဋ္ဌာန်း ထားသည့် တန်းတူညီမျှမှု အခွင့်အရေး၊ လွတ်လပ်မှု အခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ကို ခံစားခွင့် ရှိသည်ဟု ဖော်ပြထားခြင်းကြောင့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅) ၏ အခန်း (၂)၊ အပိုဒ် (၃) ပါ ရည်ရွယ်ချက်တို့ နှင့် အညီ မြန်မာနိုင်ငံမသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၁၆-၂၀၂၅) ကို ရေးဆွဲပြဋ္ဌာန်းခဲ့သည်။ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနက မသန်စွမ်းသူများ၏ အခွင့်အရေး နည်းဥပဒေကို ဆက်လက်ထုတ်ပြန်ခဲ့သည်။

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလတွင် ပြည်ထောင်စုအစိုးရအဖွဲ့သည် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ နိုင်ငံတော်ဒုတိယသမ္မတ (၂) အား ဦးဆောင်စေလျက် အဖွဲ့ဝင် (၁၅) ဦးဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းလျက် မသန်စွမ်းသူများ၏ အရေး ကိစ္စများကို ဆောင်ရွက်လျက်ရှိသည်။

# ၄။ မသန်စွမ်းသူများဆိုင်ရာ အထိမ်းအမှတ်နေ့များ

ဇန်နဝါရီလ

- Glaucoma Awareness Month (ရေတိမ် အသိပညာပေး ကာလ)
- World Braille Day (ကမ္ဘာ့ မျက်မမြင်စာ အထိမ်းအမှတ် နေ့၊ ဇန်နဝါရီလ ၄ ရက်နေ့)
- World Leprosy Day (ကမ္ဘာ့ အနာကြီး ရောဂါနေ့၊ ဇန်နဝါရီလ ၂၇ ရက်နေ့)

ဖေဖော်ဝါရီလ

- Low Vision Awareness Month (မြင်နိုင်စွမ်းအားနည်းသူများ ဆိုင်ရာ အသိပညာပေး ကာလ)
- World Cancer Day (ကမ္ဘာ့ ကင်ဆာရောဂါနေ့၊ ဖေဖော်ဝါရီလ ၄ ရက်နေ့)
- Congenital Heart Disease (CHD) Awareness Week (မွေးရာပါ နှလုံးရောဂါ အသိပညာပေး ရက်သတ္တပတ်၊ ဖေဖော်ဝါရီလ ၇ မှ ၁၄ အထိ)

မတ်လ

- Cerebral Palsy Awareness Month (သူငယ်နာအကြောင်း အသိပညာပေးကာလ)
- Developmental Disabilities Month (ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းမှု အသိပညာပေး ကာလ)
- Brain Injury Awareness Month (ဦးနှောက်ထိခိုက်မှု ဆိုင်ရာ အသိပညာပေးကာလ)
- International Wheelchair Day (ကမ္ဘာ့ ဝှီးချဲလ် အသုံးပြုသူများနေ့၊ မတ်လ ၁ ရက်နေ့)
- World Hearing Day (ကမ္ဘာ့ သောတအာရုံနေ့၊ မတ်လ ၃ ရက်နေ့)
- World Down Syndrome Day (ကမ္ဘာ့ဒေါင်းဆင်ဒရုန်းနေ့၊ မတ်လ ၂၁ ရက်နေ့)

ဧပြီလ

- Autism Awareness Month (အော်တစ်ဇင် အသိပညာပေးကာလ)
- World Autism Awareness Day (ကမ္ဘာ့ အော်တစ်ဇင်အထိမ်းအမှတ်နေ့၊ ဧပြီလ ၂ ရက်နေ့)
- World Health Day (ကမ္ဘာ့ကျန်းမာရေးနေ့၊ ဧပြီလ ၇ ရက်နေ့)
- Parkinson's Disease International Awareness Day (အပြည်ပြည်ဆိုင်ရာ ပါကင်ဆန် အသိပညာပေးနေ့၊ ဧပြီလ ၁၁ ရက်နေ့)

မေလ

- Mental Health Month (စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး အသိပညာပေးကာလ)
- Stroke Awareness Month (လေဖြတ်ရောဂါ အသိပညာပေးကာလ)
- Global Developmental Delay Awareness Day (အထွေထွေဖွံ့ဖြိုးမှုနှေးကွေးခြင်း အသိပညာပေးရက်၊ မေလ ၁ ရက်နေ့)
- Global Accessibility Awareness Day (ကမ္ဘာ့လုံးဆိုင်ရာ လက်လှမ်းမီရရှိမှု အသိပညာပေးရက်၊ မေလ ၁၆ ရက်နေ့)

ဇွန်လ

- National Cancer Survivors Day (ကင်ဆာရောဂါမှ လွတ်မြောက်လာသူများနေ့၊ ဇွန်လ ၂ ရက်နေ့)

စက်တင်ဘာလ

- Deaf Awareness Month (နားမကြားအသိပညာပေး ကာလ)
- World Alzheimer's Day (ကမ္ဘာ့အယ်လ်ဇိုင်းမား အထိမ်းအမှတ်နေ့၊ စက်တင်ဘာလ ၂၁ ရက်နေ့)
- International Day of Sign Languages (အပြည်ပြည်ဆိုင်ရာ လက်သင်္ကေတပြဘာသာစကားနေ့၊ စက်တင်ဘာလ ၂၃ ရက်နေ့)
- International Week of the Deaf (အပြည်ပြည်ဆိုင်ရာ နားမကြားသူများ ရက်သတ္တပတ်၊ စက်တင်ဘာလ နောက်ဆုံးပတ်)
- World Deaf Day (ကမ္ဘာ့နားမကြားသူများနေ့၊ စက်တင်ဘာလ နောက်ဆုံး တနင်္ဂနွေနေ့)

အောက်တိုဘာလ

- Down Syndrome Awareness Month (ဒေါင်းဆင်ဒရုန်း အသိပညာပေး ကာလ)
- Learning Disabilities Awareness Month (သင်ယူမှုအခက်အခဲရှိသူများဆိုင်ရာ အသိပညာပေး ကာလ)
- World Cerebral Palsy Day (ကမ္ဘာ့သူငယ်နာအကြောသေနေ့၊ အောက်တိုဘာလ ၆ ရက်နေ့)
- World Mental Health Day (ကမ္ဘာ့စိတ်ကျန်းမာရေး အထိမ်းအမှတ်နေ့၊ အောက်တိုဘာလ ၁၀ ရက်နေ့)
- World Blind Day/ World Sight Day (ကမ္ဘာ့မျက်မမြင်များနေ့၊ အောက်တိုဘာလ ၁၀ ရက်နေ့)
- International White Cane Day (အပြည်ပြည်ဆိုင်ရာမျက်မမြင်လမ်းလျှောက်တုတ်နေ့၊ အောက်တိုဘာ ၁၅ ရက်နေ့)

နိုဝင်ဘာလ

- Diabetes Awareness Month (ဆီးချို အသိပညာပေး အထိမ်းအမှတ်ကာလ)
- World Diabetes Day (ကမ္ဘာ့ဆီးချို အထိမ်းအမှတ်နေ့၊ နိုဝင်ဘာလ ၁၄ ရက်နေ့)

ဒီဇင်ဘာ

- World AIDS Day (ကမ္ဘာ့အေအိုင်ဒီအက်စ် အထိမ်းအမှတ်နေ့၊ ဒီဇင်ဘာလ ၁ ရက်နေ့)
- International Day of People with Disabilities (အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့၊ ဒီဇင်ဘာလ ၃ ရက်နေ့)

# ၅။ မသန်စွမ်းမှု အပေါ် အဓိပ္ပာယ်ဖွင့်ဆိုချက် နှင့် အမြင်များ

## မသန်စွမ်းမှု အပေါ် အဓိပ္ပါယ်ဖွင့်ဆိုချက်

**မြန်မာနိုင်ငံမသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅ ခုနှစ်)**

- အခန်း (၁)၊ ပုဒ်မ ၂၊
  - ပုဒ်မခွဲ (က) **မသန်စွမ်းသူ** ဆိုသည်မှာ မွေးရာပါဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်း၊ အာရုံ ခံစားမှုပိုင်းဆိုင်ရာ တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ချို့ယွင်းအားနည်းချက်များကို ရေရှည် ခံစားနေရသူ ကို ဆိုသည်။
  - ပုဒ်မခွဲ (ခ) **မသန်စွမ်းမှု** ဆိုသည်မှာ ပတ်ဝန်းကျင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်သဘောထား အမြင်ပိုင်း ဆိုင်ရာ နှင့် အခြားအတားအဆီးများကြောင့် လူ့အဖွဲ့အစည်းအတွင်း အပြည့်အဝ ပါဝင်လှုပ်ရှားနိုင်မှုမရှိခြင်း ကိုဆိုသည်။

**မသန်စွမ်းအဖွဲ့အစည်းများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်**[2]

- မသန်စွမ်းမှုဆိုသည်မှာ ခန္ဓာကိုယ် ချို့ယွင်းမှု တစ်ခုခုရှိသူသည် ပတ်ဝန်းကျင်၏ မမှန်ကန်သော သဘောထား အမြင်နှင့် ရုပ်ပိုင်းဆိုင်ရာ အတားအဆီးများ ကြုံတွေ့မှုကြောင့် အခြားသူများနည်းတူ လူမှုအသိုင်းအဝိုင်း အတွင်း အပြည့်အဝ တန်းတူ ပါဝင်ဆောင်ရွက်ခွင့် မရခြင်းကို ဆိုသည်။

မသန်စွမ်းမှု = ခန္ဓာကိုယ် ချို့ယွင်းမှု + အတားအဆီး

- ချို့ယွင်းမှု တစ်စုံတစ်ရာရှိတိုင်း မသန်စွမ်းမှု မဖြစ်ပါ။ ချို့ယွင်းမှုနှင့် အတားအဆီးများ ထိပ်တိုက်တွေ့မှသာ မသန်စွမ်းမှု ဟူ၍ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ချို့ယွင်းမှုရှိသူအနေနှင့် လူမှုအသိုက်အဝန်းအတွင်း အခြားသူများနှင့် တန်းတူပါဝင်ခွင့် ဆုံးရှုံးခြင်းရှိမှသာ မသန်စွမ်းမှု (မစွမ်းဆောင်နိုင်မှု) ဖြစ်ပေါ်ပါသည်။

**မသန်စွမ်းမှုကို ဖြစ်ပေါ်စေသည့် အတားအဆီးများကို လေးမျိုးခွဲခြားသတ်မှတ်နိုင်သည်။ ၎င်းတို့မှာ -**

၁။ ရုပ်ပိုင်းဆိုင်ရာ အတားအဆီး (Physical Barrier)

၂။ သဘောထားခံယူချက်ပိုင်းဆိုင်ရာ အတားအဆီး (Attitudinal Barriers)

၃။ မူဝါဒပိုင်းဆိုင်ရာ အတားအဆီး (Policies Barriers)

၄။ ဆက်သွယ်မှုဆိုင်ရာ အတားအဆီး (Communication Barriers) တို့ဖြစ်ပါသည်။

[2] Myanmar Indenpendt Living Initiative

## မသန်စွမ်းမှုအပေါ် အမြင်များ

မသန်စွမ်းမှုအပေါ် ယခင်က ကုသိုလ်ဖြစ် အမြင် (Charity Model)၊ ဆေးပညာအမြင် (Medical Model)၊ လူမှုရေး အမြင် (Social Model)၊ စသော အမြင် ၃ မျိုးဖြင့် ရှုမြင်ခဲ့ကြပြီး ယခုအခါ လူ့အခွင့်အရေးကို အခြေခံသော အမြင် (Right based Model) သို့ ပြောင်းလဲရှုမြင်လာကြသည်။

### ကုသိုလ်ဖြစ် အမြင် (Charity Model)

- မသန်စွမ်းသူများကို စွန့်ကြဲခံ၊ အလှူလက်ခံသူများအဖြစ်သာ သတ်မှတ်ကူညီသည်။
- မသန်စွမ်းမှုသည် ဝဋ်ကြွေးတစ်ခုခုကြောင့်/ နတ်ဆိုး/ ဝိဉာဉ်ဆိုး ပူးကပ်ခြင်းကြောင့် ရရှိလာသော အနိဋ္ဌာရုံ တစ်ခု ဖြစ်ပြီး ကံမကောင်းခြင်း အဓိပ္ပါယ်ကို ဆောင်သည်။ ထို့ကြောင့် လူတောထဲတွင် ရှက်စရာ၊ ကြောက်စရာ ဂုဏ်ငယ် စရာ အဖြစ် မှတ်ယူသည်။
- မသန်စွမ်းသူများ၏ အရေးကိစ္စသည် ပရဟိတ အဖွဲ့အစည်းများနှင့် လူမှုဝန်ထမ်းဌာနကသာ ဆောင်ရွက်ရမည့် သီးခြား ကိစ္စတစ်ရပ်ဟု ခံယူသည်။
- မသန်စွမ်းသူများကို လူ့အဖွဲ့အစည်း၏ သီးခြား/ အထူးလူအုပ်စုအဖြစ် ရှုမြင် သဘောထား ဆက်ဆံသည်။ ထို့ကြောင့် မိသားစု နှင့် ရပ်ရွာလူထုမှ ခွဲထုတ်ပြီး ကုသိုလ်ဖြစ်ဂေဟာများ၊ ရာသက်ပန်ရိပ်မြုံများသို့ ပို့ရန် ကြိုးစားသည်။

### ဆေးပညာအမြင် (Medical Model)

- မသန်စွမ်းသူများကို ရောဂါသည်လူနာများအဖြစ် သတ်မှတ်ပြီး သန်စွမ်းသူများ ဖြစ်လာစေရန် ဆေးကုသပေးသည်၊ ပြန်လည် ထူထောင်ပေးကြသည်။
- မသန်စွမ်းသူများ၏ အရေးကိစ္စသည် ဆရာဝန်များ၊ အထူးပညာရှင်များကသာ ဆောင်ရွက်ရမည့် အလုပ်ဟု သတ်မှတ် သည်။
- မသန်စွမ်းသူများကို ပင်မလူ့အဖွဲ့အစည်းမှ ခွဲထုတ်ပြီး သီးသန့်ဆက်ဆံ ဆောင်ရွက်ပေးသည်။ ထို့ကြောင့် အထူး ကျောင်းများ၊ ရာသက်ပန်စောင့်ရှောက်ရေး ဂေဟာများ တည်ထောင်ခြင်းဖြင့် အကောင်အထည်ဖော်သည်။

### လူမှုရေး အမြင် (Social Model)

မသန်စွမ်းမှုသည် အခြေအနေတစ်ခုဖြစ်သည်၊ ဆေးကုရုံသက်သက်ဖြင့် လုံးဝ ဥဿုံ ပြေလည်သွားမည့် ကိစ္စ မဟုတ်ပါ။

- မသန်စွမ်းမှုသည် ပြဿနာမဟုတ်၊ မသန်စွမ်းသူများ ရပ်ရွာလူထုအတွင်း အများနှင့်တန်းတူ ပါဝင်ဆောင်ရွက်မှု မပြုနိုင်အောင် ဟန့်တားထားသော အတားအဆီးများ ပြည့်နှက်နေသည့် လူ့အဖွဲ့အစည်းကသာ ပြဿနာ ဖြစ်သည်၊ ထို့ကြောင့် ပြဿနာဖြစ်နေသော လူ့အဖွဲ့အစည်းရှိ အတားအဆီးများကို ဖယ်ရှားပစ်ရမည်။
- အခြေအနေအမျိုးမျိုး၌ ရှိသော လူအားလုံးကို အခွင့်အရေးနှင့် အခွင့်အလမ်း တန်းတူညီမျှ ဖန်တီးမပေးသည့် လူ့ အဖွဲ့အစည်းကြောင့်သာ လူအုပ်စုတစ်ခုခုသည် မသန်စွမ်း ဖြစ်သွားကြရသည်။
- မသန်စွမ်းသူများသည် လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းတစ်ခု ဖြစ်ပြီး လူ့မိသားစုဝင်များ ဖြစ်သည်၊ လူ့အဖွဲ့အစည်း သည် အားလုံးအတွက် ဖြစ်သည်။

### လူ့အခွင့်အရေးကို အခြေခံသော အမြင် (Right based Model)

- လူသားတိုင်းရရှိသော အခြေခံအခွင့်အရေးများကို မသန်စွမ်းသူများလည်း ရရှိသင့်သည်။
- လူသားအားလုံးကို အခွင့်အလမ်းနှင့် အခွင့်အရေးများ တန်းတူဖန်တီးပေးသင့်သည်။
- မသန်စွမ်းသူများသည် အများရရှိသော အခွင့်အရေးနှင့် အခွင့်အလမ်းများ ဆုံးရှုံးနေခြင်းကြောင့်သာ ၎င်းတို့၏ စွမ်းဆောင်ရည်များကို ထုတ်ဖော်မပြနိုင်ဘဲ နောက်ကျကျန်နေခြင်း ဖြစ်သည်။
- မသန်စွမ်းသူများ၏ အခွင့်အရေးများကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းသည် လူသားတိုင်း ရရှိရမည့် အခွင့်အရေး ကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း ဖြစ်သည်။

## မသန်စွမ်းမှုနှင့် ပတ်သက်၍ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ[3]

- ခေတ်အဆက်ဆက် သုံးစွဲလာခဲ့ကြသော အသုံးအနှုန်းများ၊
- လူသားဖြစ်ခြင်း ကို စံနှုန်း တစ်ခုအပေါ် အခြေခံပြီး သုံးနှုန်းထားသော အခေါ်အဝေါ်များ၊
- ကျွမ်းကျင်သူက မှည့်ခေါ်ထားသော အမည်များ၊
- မသန်စွမ်းသူများက ကိုယ့်ကိုယ်ကို ပေးထားသည့် အခေါ်အဝေါ်များ၊

### ခေတ်အဆက်ဆက် သုံးစွဲလာခဲ့ကြသော အသုံးအနှုန်းများ

- ခေတ်ကာလအလျောက် မသန်စွမ်းသူများနှင့် ပတ်သက်ပြီး သုံးစွဲလာခဲ့သည့် အခေါ်အဝေါ်အများစုသည် ချို့ယွင်းမှု ကို အခြေခံပြီး မှည့်သည့် အသုံးအနှုန်းများသာ ဖြစ်သည်။ ဥပမာ - အကန်း၊ အပင်း၊ အအ၊ အရူး၊ ခြေလက်မသန်၊ ဒုက္ခိတ၊ အစရှိသဖြင့် ခေါ်ကြသည်။ ထိုအသုံးအနှုန်းအများစုသည် မသန်စွမ်းသူများအပေါ် အထင်အမြင် မှားစေနိုင်သည့် အသုံး အနှုန်းများ ဖြစ်နေတတ်ပါသည်။ လူသားဖြစ်ခြင်းကို ငြင်းပယ်သော၊ မသန်စွမ်းသူများကို လူစဉ်မမီသူများ၊ သာမန် မဟုတ်သူများကဲ့သို့ သတ်မှတ်ပြီး ခေါ်ဝေါ်သုံးစွဲခြင်းဖြစ်သည်။
- အချို့သော အသုံးအနှုန်းများသည် သာမန်ဖြစ်စဉ်မှ လွဲချော်နေသူများဟု ဆိုလိုရာရောက်သည့် အသုံးအနှုန်းများများ ရှိပါသည်။ "မသန်စွမ်းမဟုတ်သူများ" ကို သာမန်လူသားများ၊ လူကောင်းများဟု ခေါ်ဆိုနေခြင်းသည် "မသန်စွမ်းသူများ" အား သာမန်မဟုတ်သူများ၊ လူကောင်း မဟုတ်သူများဟု ပြောသလိုဖြစ်နေတတ်ပါသည်။

### လူသားဖြစ်ခြင်းကို စံနှုန်း တစ်ခုအပေါ် အခြေခံပြီး သုံးနှုန်းထားသော အခေါ်အဝေါ်များ

- အချို့ကအသုံးအနှုန်းများသည် လူသားဖြစ်ခြင်း၊ သို့မဟုတ် လူဖြစ်ရကျိုးနပ်ခြင်း၊ လူစဉ်မီခြင်း တို့ကို စံနှုန်း တစ်ခု အပေါ် အခြေခံပြီး သို့မဟုတ် ယှဉ်ပြိုင်မှုတစ်ခုကဲ့သို့ မှတ်ယူပြီး သမုတ်သည့် အမည်များလည်း ရှိနေပါသည်။ ဥပမာ - ဉာဏ်ရည်မမီ၊ ကျပ်မပြည့် စသည့် အခေါ်အဝေါ်မျိုး ဖြစ်ပါသည်။

### ကျွမ်းကျင်သူက မှည့်ခေါ်ထားသော အမည်များ

- အချို့အသုံးအနှုန်းများသည် ချို့ယွင်းမှုအလိုက် သို့မဟုတ် မသန်စွမ်းမှုအမျိုးအစား အလိုက် ကျွမ်းကျင်သူများက ပေးထားသော အခေါ်အဝေါ် အသုံးအနှုန်းများလည်း ရှိနေပါသည်။ ဥပမာ - ပိုလီယို၊ သူငယ်နာ အကြောတင်း၊ ဒေါင်း ဆင်ဒရုန်း၊ အထူးလိုအပ်ချက်ရှိနေသော ကလေးများ၊ နာမကျန်းသူ (Invalid) အစရှိသဖြင့် ခေါ်တတ်ကြပါသည်။
- အချို့အသုံးအနှုန်းများသည် မသန်စွမ်းမှုကို နာတာရှည်ရောဂါသည်ကဲ့သို့ သဘောထားပြီး သုံးနှုန်းခေါ်ဝေါ်သော အခေါ်အဝေါ်များလည်း ရှိနေပါသည်။ ဥပမာ - စိတ်မနံ့သူ ဟု ခေါ်ဝေါ်ခြင်းပင်ဖြစ်ပါသည်။ မသန်စွမ်းသူများ သုံးစွဲနေသည့် ကိရိယာများကို အစွဲပြုပြီး ခေါ်ဝေါ်သည့်အမည်များလည်း ရှိပါသည်။ ဥပမာ - တွန်းလှည်းသုံးသူများ (Wheelchair user)၊ ချိုင်းထောက်နှင့် လူ၊ မျက်မှန်နှင့်လူ အစရှိသဖြင့် ခေါ်တတ်ကြသည်။
- မသန်စွမ်းသူများနှင့် ပတ်သက်သည့် အခေါ်အဝေါ် အများစုသည် ချို့ယွင်းမှုအပေါ် အခြေခံပြီး ပေးသည့် အခေါ်အဝေါ် များ ဖြစ်ပါသည်။ မတူညီသည့် ချို့ယွင်းမှု အမျိုးမျိုးကို ခြုံပြီး ခေါ်ဆိုသည့် အသုံးအနှုန်းသည် အချို့ဘာသာစကားများ တွင် တိတိကျကျမရှိပါ။

### မသန်စွမ်းသူများက ကိုယ့်ကိုယ်ကို ပေးထားသည့် အခေါ်အဝေါ်များ

- ၂၀ ရာစု နှောင်းပိုင်းကာလများတွင် အနောက်နိုင်ငံများ၌ မသန်စွမ်းအရေးလှုပ်ရှားမှု သည် ယခင်ကနှင့် မတူ ထူးခြားစွာ အခြေအနေတစ်ခု ရရှိလာခဲ့ပါသည်။ အချို့သော မသန်စွမ်းခေါင်းဆောင်များကလည်း အခြားသူများက ၎င်းတို့အား အမည်အမျိုးမျိုး မှည့်ခေါ်ရာတွင် အချို့အသုံးအနှုန်းများသည် မှားယွင်းနေသည်ဟု ယူဆသဖြင့် လက်မခံနိုင်ကြပေ။ ၎င်းတို့ကိုယ်တိုင် အမည်ပေးရန် ကြိုးစားလာကြပါသည်။ ထိုအခေါ်အဝေါ်သည် လူမှု

---

[3] ဦးထာအုပ်၊ အလင်းသစ် မဂ္ဂဇင်း၊ အမှတ် (၁၄)၊ အောက်တိုဘာ၊ ၂၀၁၁

အသိုက်အဝန်းကြောင့် လူသား သည် မစွမ်းဆောင်နိုင်သူ ဖြစ်သွားရသည် ဆိုသည့် အယူအဆကို အခြေခံထားပြီး အင်္ဂလိပ်ဘာသာအားဖြင့် "Disabled People" ဟူ၍ ဖြစ်ပါသည်။

- အဆိုပါအသုံးအနှုန်းသည် (အခြားသူများက ခေါ်ဝေါ်သည့်အခါ သုံးစေလိုသည့်) မသန်စွမ်းသူများက ၎င်းတို့ကိုယ်တိုင် ၎င်းတို့ပေးထားသည့် တစ်ခုတည်းသော အခေါ်အဝေါ် ဖြစ်ပါသည်။ ယနေ့အထိအခြားအမည် မရှိသေးပါ၊ မသန်စွမ်းမှု အမြင်သစ် ပေါ်လာပြီးသည့်နောက် အမြင်သစ်နှင့်အတူ ပေါ်လာသည့် တစ်ခုတည်းသော အသုံးအနှုန်း ဖြစ်ပါသည်။
- ယနေ့ ကုလသမဂ္ဂ က (People with Disabilities – PWDs) ကို လက်ခံသုံးနှုန်းနေပါသည်။ အချို့ ဘာသာရေး အဖွဲ့အစည်းများက (Differently Able) ကို လက်ခံသုံးနှုန်းကြသည်။ မည်သည့်အယူအဆနှင့် သုံးနှုန်းနေသည် ကိုသာ ကိုယ်တိုင်သိထားရန်လိုအပ်ပြီး မှားသည်မှန်သည် ဟု ဆုံးဖြတ်၍ မရနိုင်ပါ။
- မြန်မာနိုင်ငံတွင်လည်း ယခင်က "မသန်မစွမ်း" ဟု ခေါ်ဝေါ်သုံးစွဲခဲ့ဖူးသော်လည်း ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ အပြည်ပြည် ဆိုင်ရာ မသန်စွမ်းသူများနေ့မှ စ၍ မသန်ပေမဲ့ စွမ်းသူများ ဖြစ်ကြသည်ဟု သဘောသက်ရောက်သည့် "မသန်စွမ်း" ဟူသည့် အခေါ်အဝေါ်ကို ပြောင်းလဲခေါ်ဝေါ်ရန် လူမှုဝန်ထမ်းဦးစီးဌာနက တရားဝင် သတ်မှတ်ပေးခဲ့ပါသည်။ လက်ရှိ တွင်လည်း အဆိုပါအသုံးအနှုန်းကို မြန်မာနိုင်ငံတွင် တရားဝင် သုံးနှုန်းနေပါသည်။
- မသန်စွမ်းဖြစ်မှုအပေါ် ရှုမြင်သည့် အမြင်သဘောထားများသည် ခေတ်ရေစီးကြောင်းနှင့် အညီ ပြောင်းလဲလျက်ရှိရာ ပြောင်းလဲလာသော ထိုအယူအဆသစ်နှင့်အညီ အခေါ်အဝေါ်အသုံးအနှုန်းများကိုလည်း ပြောင်းလဲပေးရန် လိုအပ် ပါသည်။ မသန်စွမ်းမှုနှင့် ပတ်သက်နေသော အခေါ်အဝေါ်များသည် -
    - မသန်စွမ်းမှု သည် ကိုယ်အင်္ဂါချို့ယွင်းမှု ရှိနေသူ တစ်စုံတစ်ဦးအတွက် မည်သို့မျှ အဆင်မပြေနိုင်သော အတားအဆီးများ ကြောင့်သာ ဖြစ်လာရသည် ဟူသည့် အချက်ကို ပေါ်လွင်စေသည့် အသုံးအနှုန်း အခေါ်အဝေါ်များ ဖြစ်သင့်သည်၊ (ချို့ယွင်းချက်ကို ဦးတည်ဖော်ပြမှု မလုပ်သင့်ပေ။)
    - အမည်ပေးခံရသူ ကာယကံရှင် က သဘောတူ လက်ခံနိုင်သည့် အသုံးအနှုန်း ဖြစ်သင့်သည်။ တစ်နည်း အားဖြင့် လူလူချင်း အချင်းချင်း ခေါ်ဝေါ် ဆက်ဆံသည့်အခါ ရင့်သီးသော စကားလုံးများ၊ တစ်ဖက်သား ၏ ဂုဏ်သိက္ခာကို အသားလွတ် စော်ကားသလို ဖြစ်နေသည့် နှိမ်သလိုဖြစ်နေသည့် အသုံးအနှုန်းများ မဖြစ်သင့်ပေ။
- ပြောင်းလဲနေပြီဖြစ်သော မသန်စွမ်းအယူအဆနှင့်အညီ မသန်စွမ်းသူများ နှင့် ပတ်သက်သည့် အသုံးအနှုန်းများကို လိုအပ်သလို ပြောင်းလဲ သတ်မှတ် ပြင်ဆင်ရမည် ဖြစ်ပါသည်။

# ၆။ မသန်စွမ်းမှုဆိုင်ရာ ဝေါဟာရ အသုံးအနှုန်းများ

မြန်မာနိုင်ငံ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေတွင် သတ်မှတ်ထားသည့် မသန်စွမ်းမှု အမျိုးအစား (၄)မျိုးရှိပြီး မသန်စွမ်းမှု အမျိုးအစားအလိုက် ဂုဏ်သိက္ခာရှိစွာ ခေါ်ဝေါ်သုံးစွဲရမည်ဖြစ်ပြီးၡင်းတို့၏အခွင့်အရေး၊ ဂုဏ်သိက္ခာကို မထိခိုက်စေသည့် အသုံးအနှုန်းများကိုသာ သုံးစွဲသင့်ပါသည်။ မသန်စွမ်းမှုအပေါ်အမြင်သဘောထားဖွင့်ဆိုချက်ကို အခြေခံ၍ အဓိက အသုံးအနှုန်းများကို အောက်ပါ ဇယားတွင် ဖော်ပြထားပါသည်။

**မသန်စွမ်းမှုဆိုင်ရာ အဓိက ဝေါဟာရ အသုံးအနှုန်းများ**

| သုံးစွဲရန်သင့်တော်သော စကားလုံးများ | သုံးစွဲရန်မသင့်သော စကားလုံးများ | ရှင်းလင်းချက် |
|---|---|---|
| မသန်စွမ်း<br>မသန်စွမ်းသူ | မသန်မစွမ်း<br>မစွမ်းမသန်<br>ဒုက္ခိတ<br>အိုနာကျိုးကန်း<br>ရောဂါသည် | မသန်မစွမ်း၊ မစွမ်းမသန် ၏ အဓိပ္ပါယ်မှာ သန်လည်း မသန်၊ စွမ်းလည်းမစွမ်း၍ မည်သည့်အရာမှလုပ်နိုင်စွမ်းမရှိဟု ဆိုလိုရာ ရောက်ပါသည်။ မသန်စွမ်းမှုတစ်ခုခုရှိသော်လည်း အခြားသန်စွမ်းသည့် အပိုင်းဖြင့် စွမ်းဆောင်နိုင်သူများ ဖြစ်သဖြင့်မသန်မစွမ်း အစား "မသန်စွမ်း" ဟုသာ ခေါ်ဝေါ်သုံးနှုန်းသင့် ပါသည်။ ဒုက္ခိတ၊ အိုနာကျိုးကန်း၊ ရောဂါသည် အသုံးအနှုန်းများ သည်လည်း ဂုဏ်သိက္ခာ ကိုထိခိုက်စေသဖြင့် အပြုသဘော ဆောင်သော အသုံးအနှုန်းများကို သုံးနှုန်းသင့်ပါသည်။ |
| ကိုယ်အင်္ဂါ မသန်စွမ်းသူ | ကိုယ်အင်္ဂါ ချို့ယွင်းအားနည်းသူ<br>သွက်ချာပါဒ<br>ထော့ကျိုး | ကိုယ်အင်္ဂါ ချို့ယွင်းအားနည်းသူ၊ သွက်ချာပါဒ ထော့ကျိုး အသုံးအနှုန်းများသည် ချို့ယွင်း အားနည်းမှု ကိုရည်ညွှန်း သည့် အသုံးအနှုန်းများ ဖြစ်ပြီး ဂုဏ်သိက္ခာ ကိုထိခိုက်စေသောကြောင့် ကိုယ်အင်္ဂါ မသန်စွမ်းသူဟုသာ ခေါ်ဝေါ် သုံးစွဲသင့်ပါသည်။ |
| အမြင်အာရုံမသန်စွမ်းသူ<br>မျက်မမြင် | အကန်း<br>အစွေ၊ အစောင်း<br>တစ်ဖက်ပိတ် | မျက်စိမမြင်သောကြောင့် မျက်မမြင်ဟု ခေါ်နိုင်ပြီး အမြင်အာရုံမသန်စွမ်းသူဟု ခေါ်ဝေါ်သုံးစွဲ သင့်ပါသည်။ အကန်း၊ အစွေ၊အစောင်း ၊ တစ်ဖက်ပိတ် စသည့် အသုံးအနှုန်းများသည် ချို့ယွင်းအားနည်းမှုကို ဦးတည်ပြီး လူ့ဂုဏ်သိက္ခာ ကိုထိခိုက်စေ၍ အပြုသဘော မဆောင်သောကြောင့် မသုံးနှုန်းသင့်ပါ။ |
| အကြားအာရုံ မသန်စွမ်းသူ | ဆွံ့အနားမကြား | ဆွံ့အ အသုံးအနှုန်းမှာ အသံထွက်အင်္ဂါ ပျက်စီးခြင်း |

| | | |
|---|---|---|
| နားမကြား | နားပင်း၊ နားထိုင်း၊ နားကန်း ရွှေအ | ကြောင့် အသံမထွက်နိုင်သူကိုသာ ခေါ်ဆိုခြင်း ဖြစ်ပြီး အကြားအာရုံမသန်စွမ်းသူများမှာ အသံကို မကြားရခြင်းကြောင့် စကား မပြောကြခြင်းသာ ဖြစ်သည်။ ဆွံ့အနေခြင်း မဟုတ်ပါ။ ထို့ကြောင့် အကြားအာရုံမသန်စွမ်းသူ၊ နားမကြားသူ ဟုသာ ခေါ်ဝေါ်သုံးစွဲသင့်ပါသည်။ |
| ဉာဏ်ရည် မသန်စွမ်း | ဉာဏ်ရည်မမီ<br>စိတ္တဇ အရူး<br>ကျပ်မပြည့်<br>ဉာဏ်ရည်နိမ့်ပါးသူ<br>လူစဉ်မမီ | ဉာဏ်ရည်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု နှောင့်နှေးမှု၊ သင်ယူမှု၊မှတ်သားမှုပိုင်းတွင် အခက်အခဲရှိသူ ဖြစ်သောကြောင့် ဉာဏ်ရည် မသန်စွမ်းသူဟု ခေါ်ဝေါ်သုံးစွဲသင့်သည်။ ဉာဏ်ရည် မသန်စွမ်းသူ အများစုမှာ သာမန်လူများထက် အချို့သော စွမ်းရည်များ သာလွန်မှု ရှိတတ်ကြ၍ ထူးခြားသည့် စွမ်းရည်ရှိသူများဟုလည်း သုံးနှုန်း နိုင်သည်။ အခြား အသုံးအနှုန်းများ မှာမူ ၎င်းတို့၏ ဂုဏ်သိက္ခာ ကိုထိခိုက်စေပြီး အပြုသဘော မဆောင်သောကြောင့် မသုံးနှုန်းသင့်ပါ။ |

မသန်စွမ်းမှု (၄)မျိုးတွင် မသန်စွမ်းမှုအလိုက် သုံးနှုန်းသင့်သော ဝေါဟာရ အသုံးနှုန်းများကို ရွေးချယ်သုံးနှုန်းနိုင်စေရန် အသေးစိတ် ဆက်လက်ဖော်ပြထားပါသည်။

## (က) ကိုယ်အင်္ဂါ မသန်စွမ်း (Physical Disability)

| သုံးစွဲရန်သင့်တော်သော စကားလုံးများ | သုံးစွဲရန်မသင့်သော စကားလုံးများ | ရှင်းလင်းချက် |
|---|---|---|
| ဝှီးချဲအသုံးပြုသူ | ဘီးတပ်ကုလားထိုင်အသုံးပြုသူ | လူတစ်ဦး၏ ကိုယ်ခန္ဓာချို့ယွင်းမှုအပေါ် ခေါ်ဝေါ် သုံးနှုန်းခြင်းထက် အသုံးပြုနေသည့် အထောက်အကူ ပစ္စည်းများအပေါ်ရည်ညွှန်းခေါ်ဝေါ်သည်က ပိုမို သင့်တော်ပါသည်။ |
| ဒူးအောက်တစ်ဖက်ပြတ်သူ<br>ဒူးအထက် တစ်ဖက်ပြတ်သူ<br>ဒူးအောက် နှစ်ဖက် ပြတ်သူ<br>ဒူးအထက် နှစ်ဖက် ပြတ်သူ<br>တံတောင်ဆစ်အောက်ပိုင်းပြတ်သူ/ အထက်ပိုင်းပြတ်သူ<br>ဒူးအောက်/ အထက် အားနည်းသူ<br>ခြေပူး/ လက်ပူးသူ<br>ခြေပွား/ လက်ပွားသူ<br>ခြေခွင်/ လက်ခွင် | ခြေကျိုး/ လက်ကျိုး<br>ခြေတို/ လက်တို<br>ခြေသိမ်သူ<br>ခြေပြတ်/ လက်ပြတ်<br>ခြေမစုံ/ လက်မစုံသူ<br>ချိုကျိုးနားရွက်ပဲ့<br>ပေါင်တို<br>ဒုက္ခိတ<br>လက်သိမ်သူ<br>ထော့ကျိုး | လူတစ်ဦး၏ ချို့ယွင်းမှု/ မသန်စွမ်းမှုကို ထည့်သွင်း ဖော်ပြလိုပါက ၎င်းတို့၏ ချို့ယွင်းမှု အစိတ်အပိုင်းကို အဆိုပါ မသန်စွမ်းသူများ လက်ခံနိုင်မည့် အသုံးအနှုန်းကို ရွေးချယ် သုံးနှုန်း ဖော်ပြသင့်သည်။ အထူးသဖြင့် ခွဲခြားရာ၊ နှိမ့်ချရာရောက်သည့် အသုံးအနှုန်းများ ဖြစ်ပါက မသုံးသင့်ပါ။ |

| | | |
|---|---|---|
| ခါးအောက်ပိုင်း မသန်စွမ်းသူ<br>နှုတ်ခမ်းကွဲ/ အာခေါင်ကွဲ<br>အရိုးကြွပ်ဆပ်သူ | | |
| ကျောရိုးခုံးသူ<br>သက်ကြီးလူပု<br>ဦးခေါင်းကြီးသူ | ခါးကုန်း/ ခါးဘု<br>ဂျပု<br>သက်ကြီးပု<br>လူစဉ်မမီ | အကြောင်းအမျိုးမျိုးကြောင့် ကိုယ်ခန္ဓာ အနေအထား ပုံမှန်မဟုတ်သူများကို ၎င်းတို့၏ မူမမှန်သည့် ပုံသဏ္ဍာန်ကို ဖော်ပြသုံးနှုန်းမည့်အစား သင့်တော်မည့် အသုံးအနှုန်းကို ရွေးချယ်သုံးနှုန်း သင့်သည်။ |
| မွေးရာပါ မသန်စွမ်းသူ<br>ကိုယ်အင်္ဂါမသန်စွမ်း<br>မွေးရာပါ ကိုယ်အင်္ဂါမသန်စွမ်းသူ | ကိုယ်အင်္ဂါ<br>ချို့ယွင်းအားနည်းသူ<br>ထောက်လှမ်းရေး<br>စက်ရုပ်<br>အိုနာကျိုးကန်း | ကိုယ်အင်္ဂါ ချို့ယွင်းအားနည်းမှုများကို သရော်လှောင်ပြောင်သည့် အသုံးအနှုန်းများ အစား ၎င်းတို့၏ အများနှင့်မတူသော စွမ်းဆောင်ရည်ကို အသိအမှတ်ပြု ဖော်ထုတ်ပြသနိုင်သည့် သင့်တော်သော အသုံးအနှုန်းများကို ရွေးချယ်သုံးနှုန်းရန်လိုအပ်သည်။ |
| သူငယ်နာအကြောတင်းသူ<br>ပိုလီယို မသန်စွမ်း (တစ်ဖက်/ နှစ်ဖက်)<br>ကြွက်သားဖွံ့ဖြိုးမှုအားနည်းသူ | အကြောဆွဲနေသူ<br>လိမ်ဖယ်လိမ်ဖယ်<br>ချည့်နဲ့သူ<br>ငချိမ/ ငချိ<br>အရိုးပျော့၊ အကြောသေသူ | ကြွက်သားဖွံ့ဖြိုးမှုအားနည်းခြင်း နှင့် ပိုလီယိုရောဂါကြောင့် အကြောသေခြင်းတို့ ဖြစ်ပွားနေသူများကို စကားလုံး မှန်ကန်စွာ ရွေးချယ်သုံးနှုန်းသင့်သည်။ |

## (ခ) အမြင်အာရုံ မသန်စွမ်း (Visual Disability)

| သုံးစွဲရန်သင့်တော်သော စကားလုံးများ | သုံးစွဲရန်မသင့်သော စကားလုံးများ | ရှင်းလင်းချက် |
|---|---|---|
| အမြင်အာရုံမသန်စွမ်းသူ<br>အမြင်အာရုံအားနည်းသူ<br>လုံးဝမမြင်သူ<br>တစ်စိတ်တစ်ဒေသမမြင်သူ<br>အနည်းငယ် မြင်သူ<br>မျက်မမြင် | ကြောင်တောင်ကန်း<br>မမြင်မကန်း/ မမြင်မစမ်း<br>တစ်ဖက်လပ်<br>စွေစောင်း<br>တစ်ဖက်ကစွေ၊ တစ်ဖက်ကစောင်း<br>ပုလင်းဖင်၊ မှန်ကြောင်<br>တိုက်ခိုက်ရေးသမား<br>မျက်မမြင်ဒုက္ခိတ | အမြင်အာရုံမသန်စွမ်းသူများကို ၎င်းတို့၏ အမြင်အာရုံအခြေအနေပေါ် မူတည်၍ သင့်တော်သလို သုံးနှုန်းဖော်ပြသင့်ပြီး ဂုဏ်သိက္ခာကို ထိပါးစေသော၊ နှိမ့်ချရာ ရောက်သည့် အသုံးအနှုန်းများကို သတိပြုရန် ဖြစ်သည်။ |
| | အကန်း | ရိုင်းစိုင်းသော အသုံးအနှုန်းဖြစ်ပြီး သုံးစားမရသည့် အဓိပ္ပာယ် နှင့် လေးစားမှု မရှိသော အသုံးအနှုန်းဖြစ်သည်။ ထို့ပြင် |

| | | |
|---|---|---|
| | | ကုန်ခန်းတတ်သည့် သဘောကိုလည်း ဆောင်သည့်အတွက် မသုံးသင့်ပါ။ |
| | အမြင်အာရုံ ချို့ယွင်းအားနည်းသူ/ ချို့တဲ့သူ | ချို့တဲ့ခြင်းနှင့် ချို့ယွင်းခြင်း သဘောကို ဆောင်၍ မသုံးသင့်ပါ။ |
| | ဒုက္ခိတ | ဒုက္ခ အတိ ဖုံးလွှမ်းနေသောသူ ဟု အဓိပ္ပာယ်ရ၍ မသုံးသင့်ပါ။ |
| | ကျန်းမာရေးမကောင်းသူ | အမြင်အာရုံ မသန်စွမ်းရုံမျှဖြင့် မသုံးစွဲသင့်ပါ။ |
| | အကျွမ်း | ကျွမ်းသွားသော မီးသီးကဲ့သို့ သုံးစားမရသူ၊ အလင်းရောင် မပေးနိုင်သူဟု အဓိပ္ပါယ် ရ၍ မသုံးသင့်ပါ။ |
| | အီကြာကွေး | အမြင်အာရုံမသန်စွမ်းမှုကြောင့် လှုပ်ရှားသွားလာမှု မမြန်ဆန်ခြင်းကို လှောင်ပြောင်သည့် အသုံးနှုန်းဖြစ်၍ မသုံးသင့်ပါ။ |
| | အကျိုးဆော့ အကန်းမော့ | ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းမှုကို အခြေခံပြီး ဂုဏ်သိက္ခာနှင့် အပြုအမူကို နှိမ့်ချလိုသော သဘောရှိသည့်အတွက် အဆိုပါ စကားပုံကို မသုံးသင့်ပါ။ |
| မျက်မမြင်ဖြစ်ခြင်းမှ ကာကွယ်လျော့ချရေးနေ့ | မျက်မမြင် ပပျောက်ရေးနေ့ | မျက်မမြင်ဖြစ်ခြင်းကို လုံးဝ ပပျောက်အောင် လုပ်ဆောင်နိုင်မည် မဟုတ်ဘဲ ယင်းအစား ကာကွယ်လျော့ချရေးသည်သာ လက်တွေ့ကျသော အသုံးအနှုန်းဖြစ်သည်။ |

## (ဂ) အကြားအာရုံ မသန်စွမ်း (Hearing Disability)

| သုံးစွဲရန်သင့်တော်သော စကားလုံးများ | သုံးစွဲရန်မသင့်သော စကားလုံးများ | ရှင်းလင်းချက် |
|---|---|---|
| အကြားအာရုံမသန်စွမ်းသူ<br>နားမကြားသူ<br>အကြားအာရုံအခက်အခဲရှိသူ<br>အကြားအာရုံ အားနည်းသူ | ဆွံ့အနားမကြား | "ဆွံ့အ" ဟူသော အသုံးအနှုန်းမှာ အသံထွက်အင်္ဂါ ပျက်စီးခြင်း ကြောင့် အသံမထွက်နိုင်သူကိုသာ ခေါ်ဆိုခြင်း ဖြစ်ပြီး အကြားအာရုံမသန်စွမ်းသူများမှာ အသံကို မကြားရခြင်းကြောင့် စကား မပြောကြခြင်းသာ ဖြစ်သည်။ ဆွံ့အနေခြင်း မဟုတ်ပါ။ |
| အကြားအာရုံမသန်စွမ်းသူ | နားထိုင်း၊ နားပင်း၊ နားကန်း | နားထိုင်း နှင့် နားပင်း စကားလုံးမှာ ထုံထိုင်းသူ ဟူသောအဓိပ္ပာယ်ဖြင့် နှိမ့်ချသည့် သဘောသက်ရောက်ခြင်းကြောင့် မသုံးသင့်ပါ။ ယင်းအစား နားမကြားသူဟု ရိုးရှင်းစွာသုံးနှုန်းနိုင်သည်။ |

| | | |
|---|---|---|
| နားမကြား စကားမပြောနိုင်သူ | ဆွံ့အ၊ အအ၊ ကျီးကန်းဆွံ့အ လအ၊ ငအ၊ အပင်း၊ အပါးပါး | အသံမကြားရသောကြောင့် စကားမပြောကြခြင်းသာ ဖြစ်သည်။ အာမေဋိတ်စကားလုံးများကို သာမန်လူများနည်းတူ အသံထွက်နိုင်ကြသည်။ |
| အကြားအာရုံမသန်စွမ်းသူ | ဥစ္စာစောင့်၊ သိုက်စောင့် ဝင်နှိုက်ခံရသူ | ရှေးလူကြီးများပြောဆိုသည့် ရှေးရိုးအယူအဆများ သာ ဖြစ်ပြီး မသုံးနှုန်းသင့်ပါ။ |
| နားလေးသူ*** | နားလေး (နလေး) | လူတစ်ယောက်အနေဖြင့် အသက်အရွယ်အရ သော် လည်းကောင်း၊ ရောဂါကြောင့် သော်လည်းကောင်း၊ မိမိ၏ အကြားအာရုံ ကျဆင်းလာသည်ကို နားလေး လာသည်ဟု သုံးနှုန်းနိုင်သော်လည်း တစ်ဖက်သား ကိုမူ နားလေး (နလေး) ဟု သုံးနှုန်းခြင်းမှာ စော်ကားရာ ရောက်သလိုဖြစ်၍ မသုံးနှုန်းသင့်ပါ။ |
| လက်သင်္ကေတပြ ဘာသာစကား ဖြင့် စကားပြောသူ | လက်ပြသူ လက်နှင့်ပြောသူ | မွေးရာပါ နားမကြားသူတို့ အသုံးပြုသော မိခင် ဘာသာစကား ဖြစ်သည့် လက်သင်္ကေတပြ ဘာသာစကားကို မသိနားမလည်သူများက လက်ပြသူ၊ လက်နှင့်ပြောသူ ဟု သုံးနှုန်း တတ်ပြီး လက်သင်္ကေတပြ ဘာသာစကား ဖြင့် ပြောဆိုသူ ဟု သုံးနှုန်းသင့်ပါသည်။ |
| မွေးရာပါ နားမကြား | ဆွံ့အ နားမကြား | မွေးဖွားစဉ်ကတည်းက အကြားအာရုံ မသန်စွမ်းမှုခံစားရသူများဖြစ်သည်။ စကားသံ မကြားရသဖြင့် စကားပြောသင်ယူနိုင်ခြင်း မရှိဘဲ အကြားအာရုံနှင့် စကားပြော ဘာသာစကားပါ မသန်စွမ်းမှု ခံစားရသူ ဖြစ်ပါသည်။ |
| ကြီးမှဖြစ်သည့် နားမကြား | နားပင်း၊ နားကန်း | စကားပြော ဘာသာစကားကို ရပြီး (စကားပြောတတ်ပြီး) မှ အကြောင်းအမျိုးမျိုး ကြောင့် အကြားအာရုံမသန်စွမ်းမှု ခံစားရသူများ ဖြစ်သည်။ ၎င်းတို့သည် စကားသံ ထွက်နိုင် သော်လည်း အသံမကြား ရသောကြောင့် စကားသံကို ပီသစွာပြောရန် ၊ အသံနေအသံထား လိုအပ်သလို ထိန်းသိမ်း ပြောရန် အခက်အခဲရှိကြပါသည်။ |

## (ယ) ဉာဏ်ရည်မသန်စွမ်း (Intellectual Disability)

| သုံးသင့်သည့် စကားလုံးအသုံးအနှုန်းများ | မသုံးသင့်သောစကားလုံး အသုံးအနှုန်းများ | ရှင်းလင်းချက် |
|---|---|---|
| ဉာဏ်ရည်မသန်စွမ်း<br>သင်ယူမှုခက်ခဲ<br>သင်ယူမှု စောင့်ရှောက်ရန် လိုအပ်သော သူများ<br>ထူးခြားသန်စွမ်းသူများ | ဉာဏ်ရည်မမီ<br>ဉာဏ်ရည်နိမ့်<br>ဉာဏ်ရည်ချို့တဲ့<br>ဉာဏ်ရည်အားနည်း<br>အာရုံခံစားမှု ချို့တဲ့သူများ | သင်ယူမှုနှင့် ဉာဏ်ရည်ပိုင်းဆိုင်ရာ ချို့ယွင်းအားနည်းချက်များကြောင့် ဉာဏ်ရည် မသန်စွမ်းသူ များ ကို သတိပြု ခေါ်ဝေါ်သုံးစွဲသင့်သည်။ ဉာဏ်ရည် မသန်စွမ်းသူ အများးစုမှာ သာမန်လူများထက် အချို့သော စွမ်းရည်များ တွင် သာလွန်မှု ရှိတတ်ကြ၍ ကွဲပြားခြားနားစွမ်းရည်ရှိသူများဟုလည်း သုံးနှုန်း နိုင်သည်။ |
| အတက် ရောဂါ ရှိသူ | ဝက်ရူးပြန် | နိမ့်ချစော်ကားသည့် အသုံးအနှုန်းဖြစ်၍ မသုံးသင့်ပါ။ |
| အော်တစ်ဇင် (Autism)<br>ဒေါင်းဆင်ဒရုန်း(Down Syndrome)<br>အထူးလိုအပ်ချက် ရှိသူ (Special needs)<br>ADD<br>Global Developmental Delay<br>Dyscalculia<br>Dyspraxia, Dyslexia (ဖွံ့ဖြိုးမှုဆိုင်ရာ ချို့ယွင်းချက်)<br>ADHD (Attention Deficit Hyperactivity Disorders (အာရုံစူးစိုက်မှုအားနည်းခြင်း နှင့် လွန်ကဲလှုပ်ရှားမှု)<br>Asperger's Syndrome ဖွံ့ဖြိုးမှုနှောင့်နှေးသော ရောဂါတစ်မျိုး)<br>Rett Syndrome (ဖွံ့ဖြိုးမှု နောက်ပြန်ဆွဲ၊ ဖွံ့ဖြိုးမှု တဖြေးဖြေး ဆုတ်ယုတ်လာသော မသန်စွမ်းမှု) | မွန်ဂို၊ ဒေါင်း<br>Disorder<br>Mental Retard<br>အရူး၊ စိတ်မနှံ့<br>လူစဉ်မမီ<br>ဆယ်ပြားလို<br>ဂေါက်သီး<br>ပလတ်ကျွတ်<br>ပြား ကိုးဆယ်<br>ကျပ်မပြည့်<br>စာကလေးဦးနှောက်<br>စိတ္တဇ<br>ဂနာမငြိမ်<br>ပေါသွပ်သွပ်<br>ကြောင်တောင်တောင်<br>ဝမ်းတွင်းရူး<br>စိတ်ရောဂါသည် | ဉာဏ်ရည်မသန်စွမ်းမှုအမျိုးအစားများ အလိုက် သင့်တော်သော အသုံးအနှုန်းများ ရှိကြပြီး အမျိုးအစား အလိုက် သုံးနှုန်းဖော်ပြရန် လိုအပ်သည်။ လူ့ဂုဏ်သိက္ခာကို ထိခိုက်စေသော အသုံးအနှုန်းများကို သတိပြု ရှောင်ကြဉ်သင့်သည်။ |
| ဆက်သွယ်ပြောဆိုရာတွင် ခက်ခဲသူများ | လူဝင်စား<br>ဥစ္စာစောင့် | ဉာဏ်ရည် မသန်စွမ်းသူများကို ရှေးရိုးစွဲ အယူအဆများ ဖြင့် ခေါ်ဝေါ်သုံးစွဲမှု အစား ဆက်သွယ်ပြောဆိုရန် ခက်ခဲသူများ၊ ဉာဏ်ရည် မသန်စွမ်းသူများဟု သုံးနှုန်း နိုင်သည်။ |

**(င) မသန်စွမ်းမှုတစ်မျိုးထက်ပိုသူ (Multi-disabilities)**

မသန်စွမ်းသူတစ်ချို့တွင် ၎င်းတို့၏ မသန်စွမ်းမှုသည် တစ်မျိုးထက်ပိုနေကြသည်။ မသန်စွမ်းမှု တစ်မျိုးထက်ပိုသူများကိုလည်း သင့်လျော်သောအသုံးအနှုန်းများဖြင့် ခေါ်ဝေါ်သုံးနှုန်းရန်လိုအပ်ပါသည်။

- အကြားအာရုံနှင့် အမြင်အာရုံ နှစ်မျိုးလုံး မသန်စွမ်းမှု ရှိသူကို "အကြားအာရုံနှင့် အမြင်အာရုံ မသန်စွမ်းသူ (သို့) နားမကြား မျက်မမြင်သူ" (Deaf – Blindness/ visual) ဟု ခေါ်ဝေါ်သုံးစွဲနိုင်သည်။
- သူငယ်နာ အကြောတင်းနှင့် အကြားအာရုံ မသန်စွမ်းမှု ရှိသူများကို "နားမကြား၊ သူငယ်နာအကြောတင်းသူ" (Deaf - CP) ဟု ခေါ်ဝေါ်သုံးစွဲနိုင်ပါသည်။
- သူငယ်နာအကြောတင်း၊ အမြင်အာရုံ နှင့် အကြားအာရုံ မသန်စွမ်းမှုတို့ (၃)မျိုးလုံးမသန်စွမ်းမှုရှိသူကို "သူငယ်နာအကြောတင်း၊ အမြင်အာရုံ နှင့် အကြားအာရုံ မသန်စွမ်းသူ" (Deaf – Visual – CP ) ဟု ခေါ်ဝေါ်သုံးစွဲနိုင်ပါသည်။
- အော်တစ်ဇင် နှင့် အမြင်အာရုံ မသန်စွမ်းမှု ပူးတွဲရှိနေသော မသန်စွမ်းသူကို "အော်တစ်ဇင် အမြင်အာရုံ မသန်စွမ်းသူ (သို့) အမြင်အာရုံနှင့် ဉာဏ်ရည်မသန်စွမ်းသူ" (Blind with Autism) ဟု ခေါ်ဝေါ်သုံးစွဲနိုင်ပါသည်။
- ဒေါင်းဆင်ဒရုန်းနှင့် အော်တစ်ဇင် စရိုက်လက္ခဏာ ပူးတွဲရှိနေသော မသန်စွမ်းသူကို "ဒေါင်းဆင်ဒရုန်းနှင့် အော်တစ်ဇင် (သို့) ဉာဏ်ရည်မသန်စွမ်းသူ" (Down syndrome with Autism) ဟု ခေါ်ဝေါ်သုံးစွဲနိုင်သည်။
- ကိုယ်အင်္ဂါ မသန်စွမ်းမှုနှင့် ဉာဏ်ရည်ပိုင်းဆိုင်ရာ မသန်စွမ်းမှု ပူးတွဲနေသူကို "ကိုယ်အင်္ဂါနှင့် ဉာဏ်ရည် မသန်စွမ်းသူ" (ID with Physical Disability) ဟု ခေါ်ဝေါ် သုံးစွဲနိုင်ပါသည်။
- သူငယ်နာအကြောတင်းနှင့် ဉာဏ်ရည် မသန်စွမ်းမှု ပူးတွဲနေသူကို "သူငယ်နာအကြောတင်းနှင့် ဉာဏ်ရည် မသန်စွမ်းသူ (သို့ ) ကိုယ်အင်္ဂါနှင့် ဉာဏ်ရည် မသန်စွမ်းသူ"( ID with CP) ဟု ခေါ်ဝေါ်သုံးစွဲနိုင်သည်။
- ဒေါင်းဆင်ဒရုန်း နှင့် ADHD ခံစားနေရသူကို "ဒေါင်းဆင်ဒရုန်းနှင့် ADHD" (Down syndrome with ADHD) ဟု ခေါ်ဝေါ်သုံးစွဲနိုင်သည်။
- အမြင်အာရုံ နှင့် ကိုယ်အင်္ဂါ မသန်စွမ်းမှု ပူးတွဲရှိနေသော မသန်စွမ်းသူကို "ကိုယ်အင်္ဂါနှင့် အမြင်အာရုံ မသန်စွမ်းသူ" (Blind with Physically impaired) ဟု ခေါ်ဝေါ်သုံးစွဲနိုင်ပါသည်။
- အထွေထွေ ဖွံ့ဖြိုးမှုနှေးကွေးသူ (Global Developmental Delay - GDD)

မှတ်ချက် - မသန်စွမ်းမှု တစ်မျိုးထက်ပိုသူများ၏ ဝေါဟာရများသည် အထက်ဖော်ပြထားသည့် အမျိုးအစားထက် ပို၍ ရှိနိုင်ပါသေးသည်။

မသန်စွမ်းမှုဆိုင်ရာနယ်ပယ် ကဏ္ဍအသီးသီးတွင် အသုံးပြုလျက်ရှိသော အဓိကကျသည့် အသုံးအနှုန်းများ နှင့် အဓိပ္ပာယ် ဖွင့်ဆိုချက်များကို အောက်တွင် ဖော်ပြထားပါသည်။

- လက်လှမ်းမီ ရယူသုံးစွဲနိုင်မှု (Accessibility)
    - လူတိုင်းလွယ်ကူစွာ လက်လှမ်းမီ ရယူ အသုံးပြုနိုင်ခြင်းဖြစ်သည်။
    - မသန်စွမ်းမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ မည်သည့်အခြေအနေတွင်မဆို လူတိုင်း လက်လှမ်းမီ ရယူ အသုံးပြုနိုင်အောင် စီစဥ်ဆောင်ရွက်ပေးထားခြင်းပင် ဖြစ်သည်။
    - မိမိနေထိုင်ရာရပ်ရွာ/ ပတ်ဝန်းကျင်အတွင်းမှာပင် အားလုံးနှင့် သက်ဆိုင်သောအရာများကို လူတိုင်း အလွယ်တကူ လက်လှမ်းမီနိုင်ခြင်း၊ အသုံးပြုနိုင်ခြင်းနှင့် အကျိုးခံစားရခြင်းတို့ကို ဆိုလိုသည်။
    - သတင်းအချက်အလက်၊ ထုတ်ကုန်ပစ္စည်း၊ ဝန်ဆောင်မှု၊ အထောက်အပံ့ (သို့မဟုတ်) ပတ်ဝန်းကျင် အစ ရှိသည်တို့ကို လူများနိုင်သမျှ များစွာအတွက် လက်လှမ်းမီရရှိအသုံးပြုနိုင်အောင် ပြုလုပ်ခြင်းလည်း ဖြစ်သည်။
    - မိမိဘဝ မိမိကိုယ်ပိုင်ဆုံးဖြတ်စီမံပိုင်ခွင့်၊ လူ့အဖွဲ့အစည်းအတွင်း ပါဝင်ခွင့်၊ အများနှင့်အတူ ရောယှက် ပေါင်းစည်းနေထိုင်နိုင်ခွင့်နှင့် ပတ်ဝန်းကျင်ရှိ သတင်းအချက်အလက်၊ ဝန်ဆောင်မှုနှင့် အထောက်အပံ့များကို လွယ်ကူစွာ လက်လှမ်းမီ ရယူအသုံးပြုနိုင်ခွင့်တို့အတွက် Accessibility သည် လူတိုင်းအတွက် အရေးတကြီး လိုအပ်ပါသည်။
- ခွဲခြားဆက်ဆံခြင်း (Discrimination)
    - တန်းတူအခွင့်အရေးရမှုအပေါ် တားဆီးနေသည့် မည်သည့်ခွဲခြားမှု၊ ဖယ်ချန်ထားမှု၊ ကန့်သတ်မှု (သို့) ပိုမို အရေးပေးမှုကို မဆို ခွဲခြားဆက်ဆံရာ ရောက်သည်။ မသန်စွမ်းသူဖြစ်စေ၊ သန်စွမ်းသူဖြစ်စေ၊ မည်သည့် ယုံကြည်မှုကို လက်စွဲထားသူ ဖြစ်စေ၊ လူတစ်ဦးချင်းစီ၏ မတူကွဲပြားမှုကို ရိုးရှင်းစွာ တုံ့ပြန်ဆက်ဆံရမည်။
- တရားသေ အယူအဆများ (Stereotype)
    - သီးခြားအုပ်စု တစ်ခုအတွက် ရိုးရှင်းပြီး စံချိန်စံညွှန်းအဖြစ် သတ်မှတ်ထားသော ထင်မြင်ယူဆချက်များ (သို့) ပုံရိပ်များ
    - လူတစ်ဦး သို့မဟုတ် အရာတစ်ခုအပေါ် ပုံသေကားကျ တထစ်ချ လက်ခံထားသည့် ပုံရိပ်၊ အမြင်၊ အယူအဆတို့အပေါ် ပုံသေစွဲအမြင်
- ဆက်သွယ်ခြင်း (Communication)
    - ဘာသာစကား နှင့် ဆက်သွယ်ခြင်း၊ စာအုပ်စာတမ်း စသည်တို့ဖြင့် ခင်းကျင်း ဆက်သွယ်မှု၊ မျက်မမြင်စာ၊ အထိအတွေ့ဖြင့် ဆက်သွယ်ခြင်း၊ အကြီးစား စာလုံးများဖြင့် မြင်သာအောင် ရေးသား ဆက်သွယ်ခြင်း၊ လူထုဆက်သွယ်ရေး နည်းလမ်းစုံဖြင့် ဆက်သွယ်ခြင်း၊ ရေးသားခြင်း၊ အကြားအာရုံဖြင့် ဆက်သွယ်ခြင်း၊ ဘာသာစကားမဲ့ ဆက်သွယ်ခြင်း၊ အကူစာဖတ်သူဖြင့် ဆက်သွယ်ခြင်းနှင့် များပြားလှစွာသော သမားရိုးကျမဟုတ်သည့် နည်းလမ်းများဖြင့် ဆက်သွယ်ခြင်း၊ သတင်းနှင့် ဆက်သွယ်ရေး နည်းပညာများ အလွယ်တကူ ရယူအသုံးပြုနိုင်မှု အပါအဝင် ဆက်သွယ်ရေး နည်းများနှင့် ပုံစံများ အားလုံး အကျုံးဝင်သည်။
- ဘာသာစကား (Language)
    - နှုတ်ထွက်ပြောဆိုခြင်း၊ လက်ဟန်ပြ ဘာသာစကား အသုံးပြုခြင်း နှင့် အခြားသော နှုတ်ထွက်ဘာသာစကား မဟုတ်သည့် ဘာသာစကားပုံစံများ အားလုံး အကျုံးဝင်သည်။
- မသန်စွမ်းမှုအပေါ် အခြေပြု၍ ခွဲခြားဆက်ဆံခြင်း (Discrimination on the Basic of Disability)
    - မသန်စွမ်းမှုကို အခြေပြု၍ ခွဲခြား ဆက်ဆံခြင်း၊ ဝိုင်းပယ်ခြင်း (သို့) တားမြစ်ချုပ်ချယ်ခြင်း တို့ကို ဆိုလိုသည်။ ယင်းသို့ ပြုမူရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဥ်ကျေးမှု၊ လူ့ကျင့်ဝတ် (သို့) အခြား နယ်ပယ်များ အားလုံးရှိ လူ့အခွင့်အရေးများနှင့် အခြေခံ လွတ်လပ်ခွင့်များ အားလုံးကို အခြားသူများနည်းတူ အသိအမှတ်/ ပြုမှု ရရှိခံစားမှု (သို့) လေ့ကျင့်မှု တို့ကို မပြုလုပ်နိုင် (သို့) ဆောင်ရွက်၍ အရာမရောက်နိုင် ဖြစ်စေသည့်

ရည်ရွယ်ချက် (သို့) အကျိုး သက်ရောက်မှု ဖြစ်စေခြင်း တို့ ပါဝင်သည်။ သင့်တော် လျောက်ပတ်သော နေရာထိုင်ခင်း စီစဉ်ပေးရန် ငြင်းပယ်မှု အပါအဝင် ပုံစံအမျိုးမျိုးဖြင့် ခွဲခြားဆက်ဆံခြင်းများ အားလုံးပါဝင်သည်။

- **သင့်တင့်လျောက်ပတ်သော နေရာထိုင်ခင်း (Reasonable Accommodation)**
  - လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များကို အများနည်းတူ ရရှိခံစားနိုင်စေရန် (သို့) လေ့ကျင့် ဆောင်ရွက်နိုင်စေရန် သီးခြား လိုအပ်သည့် နေရာများတွင် မသန်စွမ်းသူများအတွက် အချိုးအစား မကျသော (သို့) မလျော်ကန်သော ဝန်ထုပ်ဝန်ပိုး (သို့) အခက်အခဲကို မဖြစ်ပေါ်စေရန် အတွက် လိုအပ်သည့် သင့်တင့် လျောက်ပတ်အောင် ပြုပြင် ညှိနှိုင်း ဖန်တီးထားသည့် နေရာထိုင်ခင်းကို ဆိုလိုသည်။
  - မသန်စွမ်းသူများသည် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို အများနည်းတူ ရရှိခံစားနိုင်ရန် နှင့် လူ့ အသိုက်အဝန်းအတွင်း အကျုံးဝင်ပါဝင်နိုင်ရန် ၎င်းတို့၏ သီးခြားလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အဆင်ပြေသင့်လျော်၍ လိုအပ်သော ပြုပြင်ပြောင်းလဲမှုများ စီစဉ်ဆောင်ရွက်ပေးထားသည့် ပတ်ဝန်းကျင် ကို ဆိုလိုသည်။[4]
- **ကမ္ဘာ့သုံးပုံစံ (Universal Design)**
  - ဆီလျော်အောင် ပြုပြင်ရန် မလိုအပ်ဘဲ (သို့) သီးခြားပုံစံမဟုတ်ဘဲ လူတိုင်း တတ်နိုင်သမျှ အကျယ်ပြန့်ဆုံး အသုံးပြုနိုင်ရန် ပုံစံပြုထားသော ထုတ်ကုန်ပစ္စည်းများ၊ ပတ်ဝန်းကျင် အနေအထားများ၊ အစီအစဉ်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆိုလိုသည်။ ကမ္ဘာ့သုံးပုံစံ ပြုလုပ်ရာ တွင် သီးခြား မသန်စွမ်းသူ အုပ်စုများ လိုအပ်သည့်အခါ အသုံးပြုသည့် အကူအားပြု ကိရိယာများကို လည်း ချန်လှပ်ထားခြင်း မပြုရ။
- **အတားအဆီးကင်းမဲ့ခြင်း (Barrier Free)**
  - အတားအဆီးကင်းမဲ့ခြင်း ဆိုသည်မှာ တစ်စုံတစ်ဦး (သို့) အုပ်စုတစ်ခုချင်းစီ အတွက် ရည်ရွယ်သော စိတ်ခံစားမှုပိုင်းဆိုင်ရာ၊ အပြုအမူပိုင်းဆိုင်ရာနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ အတားအဆီးများ မရှိခြင်းကို ဆိုသည်။ ထိုအတားအဆီးတို့သည် မသန်စွမ်းသူများ၏ အွန္တိမရည်မှန်းချက်များအား နှေးကွေးကြန့်ကြာစေရန်၊ တိုးတက်မှုများ၊ ပါဝင်လုပ်ဆောင်နိုင်ခွင့်များ ကို တားဆီးပိတ်ပင်ထားသည့် အရာများဖြစ်သည်။
- **မသန်စွမ်းသူများ အဆင်ပြေ လွယ်ကူသော ပတ်ဝန်းကျင် (Disability Friendly Environment)**
  - မသန်စွမ်းသူများအားလုံး လုံခြုံ လွတ်လပ်စွာ နေထိုင် သွားလာ လှုပ်ရှား နိုင်စေရန် တည်ဆောက် ဖန်တီး ထားသော ပတ်ဝန်းကျင်ကို ဆိုလိုသည်။ မသန်စွမ်းသူများ၏ အရင်းအမြစ်များ အားလုံးကို အတားအဆီး ကင်းမဲ့စွာ လက်လှမ်းမီ ရယူသုံးစွဲနိုင်စေရန် ထိုသူများနှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်ခြင်းဖြစ်သည်။
- **လက်လှမ်းမီ ရယူသုံးစွဲနိုင်မှုအား စစ်ဆေးခြင်း (Accessibility Audit)**
  - မသန်စွမ်းသူများ အပါအဝင် လူတိုင်း လက်လှမ်းမီ ရယူသုံးစွဲနိုင်သည့် လူမှုပတ်ဝန်းကျင်တစ်ခု ဖြစ်လာစေရန် လိုအပ်ချက်များကို စစ်ဆေးပြီး မည်သို့ ပြောင်းလဲလုပ်ဆောင်သင့်သည်ကို အကြံပေးခြင်း ဖြစ်သည်။ ထိုသို့ စစ်ဆေးရာတွင် အစီအစဉ် ဒီဇိုင်းစဆွဲသည့် အဆင့်မှ စပြီး ရယူသုံးစွဲနိုင်မှု အဆင့်အထိ ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ အစီအစဉ် ပြီးဆုံးချိန်တွင်လည်း လမ်းညွှန်ချက် နှင့် အကောင်အထည်ဖော်မှုများ တသမတ်တည်း ကျ၊ မကျ ထပ်မံ စစ်ဆေးရန်လိုအပ်သည်။
- **အတားအဆီးကင်းမဲ့သော ပတ်ဝန်းကျင် ဖော်ဆောင်ရေး လှုပ်ရှားမှု (Barrier free campaigns)**
  - အဆိုပါ လှုပ်ရှားမှုများမှာ မသန်စွမ်းသူများ လက်လှမ်းမီအဆင်ပြေနိုင်သည့် အခြေခံအဆောက်အအုံများ ရရှိရေးကို ဦးတည်သော လှုပ်ရှားမှုများ ဖြစ်ပြီး စဉ်ဆက်မပြတ် လုပ်ဆောင်ရန်လည်း လိုအပ်သည်။ ထို အခြေခံအဆောက်အအုံများတွင် အများပြည်သူပိုင် (သို့) ပုဂ္ဂလိကပိုင် အဆောက်အအုံများ၊ လမ်းများ၊ သယ်ယူပို့ဆောင်ရေး၊ အများပြည်သူနေရာများ၊ ပညာရေးဆိုင်ရာအဆောက်အအုံများ စသည်တို့ ပါဝင်သည်။

[4] 2017 Rights of Persons with Disabilities By Law

- သာတူညီမျှခြင်း (Equality)
  - လူတစ်ဦးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ၊ ၄င်းတို့၏ လိုအပ်ချက်၊ လူမျိုး၊ ကျား/မ၊ လိင်စိတ် ကွဲပြားမှု၊ မသန်စွမ်းမှု၊ ကိုးကွယ်ယုံကြည်မှု၊ အသက် စသည်တို့အပေါ် မူတည်ပြီး ခွဲခြားခြင်းမပြုဘဲ တပြေးညီထားခြင်း
- တရားမျှတခြင်း (Equity)
  - လူထုအတွက် ဝန်ဆောင်မှုပေးရာတွင် လိုအပ်ချို့တဲ့သူများအတွက် ပိုမိုစဉ်းစား ဖြည့်ဆည်းပေးခြင်း၊ ကျန်းမာရေး ဝန်ဆောင်မှုများ၏ ကုန်ကျစရိတ်များနှင့် ထိုဝန်ဆောင်မှုများကို သုံးစွဲသည့်အတွက် ရရှိလာမည့် အကျိုးကျေးဇူးများကို မတူညီသော လူအုပ်စုများအကြား ခွဲဝေချထား ခံစားခြင်း
- လူတိုင်းအကျုံးဝင် ရွေးကောက်ပွဲ (Inclusive Election)
  - ရွေးကောက်ပွဲများ ပြုလုပ်ရာတွင် မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ချဉ်းကပ်သွားလာရန် လွယ်ကူသော နေရာဖြစ်ခြင်း၊ မသန်စွမ်းသူများအား လွတ်လပ်စွာနှင့် ဂုဏ်သိက္ခာရှိစွာ ပါဝင်လုပ်ဆောင် မဲပေးနိုင်ခြင်းကို ထည့်သွင်းစဉ်းစား လုပ်ဆောင်ထားခြင်းကို ဆိုသည်။ ဥပမာ - ဘီးချဲလ် အသုံးပြုသူ မဲဆန္ဒရှင်အား လွတ်လပ်လုံခြုံစွာ မဲပေးနိုင်သောမဲရုံနှင့် မဲပေးစနစ်ကို သုံးစွဲနိုင်အောင် ဆောင်ရွက်ပေး ထားခြင်း ဖြစ်သည်။
- နားမကြားယဉ်ကျေးမှု (Deaf Culture)
  - ဆိုသည်မှာ နားမကြားသူများ၏ လူမှုရေးဆိုင်ရာ ယုံကြည်မှုများ၊ စာပေအနုပညာ သမိုင်းကြောင်းများ၊ တန်ဖိုးထားမှုများဖြင့် လွှမ်းခြုံမွမ်းမံထားပြီး လက်သင်္ကေတပြ ဘာသာစကားကို အဓိက အသုံးပြုကြသည့် လူ့အဖွဲ့အစည်း၊ အသိုင်းအဝန်း၏ ယဉ်ကျေးမှုဖြစ်သည်။
- နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ သက်ရွယ်ဆင့်တူ ပညာပေးခြင်း (Counseling/ Peer counseling)
  - သက်ရွယ်တူသူ၊ မသန်စွမ်းသူ အချင်းချင်း နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း ဆိုသည်မှာ တစ်ဦးကိုတစ်ဦး ကူညီပြီး ကြုံတွေ့နေရသောပြဿနာများကို ပိုမိုသဘောပေါက် နားလည်လာစေရန်နှင့် အဆင်ပြေစွာ ဖြေရှင်းနိုင်စေရန် ပံ့ပိုးခြင်းကို ဆိုလိုသည်။
- တိုက်တွန်းနှိုးဆော်ခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ အရေးဆိုတင်ပြခြင်း (Advocacy)
  - ကိုယ်စားပြု အရေးဆိုခြင်းဟုလည်းကောင်း၊ အရေးဆိုတင်ပြခြင်းဟု လည်းကောင်း၊ စည်းရုံး လှုံ့ဆော်ခြင်း ဟုလည်းကောင်း၊ အမျိုးမျိုးအဓိပ္ပါယ်ဖွင့်ဆိုကြသည်။ စည်းရုံးလှုံ့ဆော်မှုသည် လူတိုင်း၏ နေ့စဉ် လူနေမှု ဘဝ တွင် တစ်နည်းမဟုတ်တစ်နည်း လုပ်ဆောင်နေကြသည့် အလုပ်တစ်ခုဖြစ်ပြီး တစ်စုံ တစ်ယောက်အား မိမိတို့ ဖြစ်စေချင်သည့်အတိုင်း လုပ်ဆောင်လာစေရန် စည်းရုံးခြင်းပင် ဖြစ်သည်။
- အသိပညာမြှင့်တင်ခြင်း (Awareness raising)
  - အသိပညာမြှင့်တင်ခြင်း ဆိုသည်မှာ လူတစ်ဦးချင်းစီ၏ ထိခိုက်ရလွယ်ပြီး အန္တရာယ်ဖြစ်စေရန် ဦးတည်သော အမူအကျင့်များ၊ ယဉ်ကျေးမှုများကို မည်သို့တာဆီးလျှော့ချရမည့် သဘောတရားများကို ရှင်းလင်း ပြောပြပေးခြင်း ဖြစ်သည်။
- အဖွဲ့အစည်း (Institution)
  - လူမှုရေး ရည်ရွယ်ချက်ဖြင့် လည်းကောင်း၊ ပညာရေး ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ ဘာသာရေး ရည်ရွယ်ချက် ဖြင့် လည်းကောင်း၊ ကျွမ်းကျင်မှုနယ်ပယ်အလိုက်သော်လည်းကောင်း ဖွဲ့စည်း တည်ထောင် ထားကြသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များနှင့် ဖွဲ့စည်းမှုပုံစံ စသည်တို့ကို ဆိုလိုသည်။ ထိုအထဲတွင် စင်တာများ၊ ဖောင်ဒေးရှင်းများ၊ သိပ္ပံများ၊ အစိုးရဝန်ကြီးဌာနများ၊ စစ်တပ် နှင့် ရဲတပ်ဖွဲ့ကဲ့သို့သော အစိုးရ နှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများ လည်း ပါဝင်သည်။
- ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ခြင်း (Early Childhood Intervention)

- ဆိုသည်မှာ အပြုအမူပိုင်းဆိုင်ရာ ပြဿနာရှိသော သို့မဟုတ် မသန်စွမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခြင်းတို့ကို ခံစားရနိုင်ခြေရှိသော မွေးစမှ အသက် ၅ နှစ်အထိရှိသော ကလေးသူငယ်များ၏ မိသားစုများအတွက် ဝန်ဆောင်မှုများပေးသည့် ပညာရပ်နယ်ပယ်မျိုးစုံနှင့် သက်ဆိုင်သော၊ ကဏ္ဍပေါင်းစုံပါဝင်သော၊ ဘက်စုံပေါင်းစည်းထားသော၊ ညှိနှိုင်းဆောင်ရွက်သည့် စနစ်တစ်ခု ဖြစ်ပါသည်။

- **ကျွမ်းကျင်သူပညာရှင်မှ ကလေးအမျိုးအစား သတ်မှတ်ခြင်း (Diagnosis)**
    - ဆိုသည်မှာ ဉာဏ်ရည်ပိုင်းဆိုင်ရာ မသန်စွမ်းမှု တစ်မျိုးမဟုတ် တစ်မျိုးကို ခံစားနေရသော ကလေးအား ၎င်း၏ ရောဂါအမည်နာမ ကို ခွဲခြားသတ်မှတ်ခြင်း ဖြစ်ပါသည်။

# ၇။ ပညာရေးဆိုင်ရာ ဝေါဟာရအသုံးအနှုန်းများ

မသန်စွမ်းသူများ၏ပညာရေးနှင့်သက်ဆိုင်သော ပညာရေးစနစ်များနှင့် အစိုးရ၊ ပုဂ္ဂလိက နှင့် ဘာသာရေး အဖွဲ့အစည်းများမှ ဖွင့်လှစ်ထားသော ပညာရေး ကျောင်းများကို အောက်တွင်ဖော်ပြထားပါသည်။

**လူတိုင်းအကျုံးဝင်ပညာရေး (Inclusive Education)** – လူတိုင်းအကျုံးဝင် ပညာရေးဆိုသည်မှာ မသန်စွမ်းသူများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့် မရရှိသူများကို ကျောင်းပညာရေး (သို့မဟုတ်) ကျောင်းပြင်ပ ပညာရေး တစ်ခုခုတွင် ပညာသင်ယူဆည်းပူးခွင့် ရှိစေရန် အခွင့်အလမ်းဖန်တီးပေးသည့် အစီအစဉ်ကို ဆိုသည်။ မသန်စွမ်းသူနှင့် မသန်စွမ်းမဟုတ်သူ အားလုံး တန်းတူ ပညာသင်ကြားနိုင်သော စနစ်ဖြစ်ပါသည်။[5]
မိမိတို့နေထိုင်ရာ ဒေသ သို့မဟုတ် အနီးစပ်ဆုံးဒေသရှိ အစိုးရပိုင်၊ အများပိုင်၊ ပုဂ္ဂလိကပိုင် နှင့် အဖွဲ့အစည်းပိုင် မူကြို၊ အခြေခံပညာကျောင်း၊ သိပ္ပံ၊ ကောလိပ်နှင့် တက္ကသိုလ်များအပါအဝင် သင်ကြားမှု၊ သင်ယူမှု အဆင့်တိုင်းတွင် မသန်စွမ်းသူများသည် သန်စွမ်းသူများနှင့် ပေါင်းစည်းပညာသင်ကြား၊ သင်ယူနိုင်ရန် စီမံဆောင်ရွက်ပေးသည့် ပညာရေးကို ဆိုသည်။[6]

**အထူးပညာရေး (Special Education)** - အထူးပညာရေးအစီအစဉ်ဆိုသည်မှာ မသန်စွမ်းသူများအတွက် အထူးအစီအစဉ်ဖြင့် သင်ကြားပေးနိုင်ရန် ကျောင်းများတည်ထောင်ဖွင့်လှစ်၍ သင့်လျော်သော သင်ကြားနည်းစနစ်ဖြင့် ပညာသင်ကြားပေးခြင်းကိုဆိုသည်။ မသန်စွမ်းမှုအမျိုးအစားအလိုက် ၎င်းတို့လက်လှမ်းမီသည့် ပုံစံများဖြင့် စနစ်တကျ စီမံထားသော နိုင်ငံတော်မှ အသိမှတ်ပြုထားသည့် အထူးပညာရေး အစီအစဉ်ဖြစ်ပါသည်။[7]

**အထူးပညာရေးကျောင်း (Special School)** - အထူးပညာရေးစနစ်အောက်တွင် မသန်စွမ်းမှုအမျိုးအစားအလိုက် အဆင်ပြေစွာ ပညာသင်ကြားနိုင်ရန်ဖွင့်လှစ်ထားသော ကျောင်းများဖြစ်ပါသည်။ အထူးပညာရေးကျောင်းများတွင် မျက်မမြင် ကျောင်း၊ နားမကြားသော ကလေးများကျောင်း၊ မသန်စွမ်း သက်ငယ်ကျောင်းတို့ ပါဝင်ပြီး အချို့ကျောင်းများမှာ လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားပြီး အချို့ကျောင်းများမှာ ပုဂ္ဂလိက နှင့် ဘာသာရေးအဖွဲ့အစည်းများက ဖွင့်လှစ်ထားသောကျောင်းများဖြစ်ကြသည်။ အဆိုပါ ကျောင်းများသည် လူမှုဝန်ထမ်းဦးစီးဌာန၏ အသိမှတ်ပြုမှုရယူကာ ဖွင့်လှစ်ထားပါသည်။ အထူးပညာရေးကျောင်းများမှ တစ်ဆင့် အခြေခံပညာ ကျောင်းများသို့ ကူးပြောင်းတက်ရောက်နိုင်ပါသည်။

**ကျောင်းပြင်ပ ပညာရေးစနစ် (Non formal Education)**–သင်ရိုးညွှန်းတမ်းများကို အခြေခံ၍ သင်ယူလိုသူများ ပညာရည်မြင့်မားလာစေရန် ကျောင်းပညာရေးစနစ်ပြင်ပတွင် ပြင်ဆင်ပြောင်းလဲနိုင်သော နည်းလမ်းများဖြင့် စည်းရုံး သင်ကြားပေးသည့် ပညာရေးကိုဆိုသည်။[8]

**ဘုန်းတော်ကြီးသင်ပညာရေးကျောင်း** - အစိုးရကျောင်းများ နှင့် ပုဂ္ဂလိက ကျောင်းများ သို့ တက်ရောက် ပညာသင်ယူရန် လက်လှမ်းမမီသူများ၊ အခက်အခဲရှိသူများအတွက် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများက ဖွင့်လှစ်ထားသည့် ပညာဒါန ကျောင်းများ ဖြစ်ပါသည်။

**မသန်စွမ်းသူများအတွက် သက်မွေးပညာသင်ကျောင်း** - အရွယ်ရောက်ပြီးသော မသန်စွမ်းသူအတွက် ဘဝရပ်တည်နိုင်ရေး အတွက် လိုအပ်သည့် သက်မွေးပညာများကို သင်ကြားပေးသော ကျောင်းများကို ဆိုလိုပါသည်။ မသန်စွမ်းသူများအတွက် သက်မွေးပညာသင်ကျောင်းများကို လူမှုဝန်ထမ်းဦးစီးဌာနနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တည်ထောင် ဖွင့်လှစ်ထားသည်။ သက်မွေးပညာဟုဆိုရာတွင် မသန်စွမ်းသူများဘဝရပ်တည်နိုင်ရေးအတွက် အထောက်အကူ ဖြစ်စေသော စက်ချုပ်၊ ဆံသ၊ လက်မှုပညာ၊ အီလက်ထရောနစ်၊ ဓာတ်ပုံ၊ ပန်းချီ၊ အခြေခံ ကွန်ပျူတာ၊ ပိုးဇာပုံနှိပ် စသည့် ပညာရပ်များ ပါဝင်ပါသည်။

---

[5] အမျိုးသားပညာရေး ဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ၄၁)
[6] 2017 Rights of Persons with Disabilities By Law
[7] အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ၃၈)
[8] အမျိုးသားပညာရေး ဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ၄၁)

မသန်စွမ်းမှုအမျိုးအစားအလိုက် ပညာရေးတွင် အသုံးပြုသော အရင်းအမြစ်များ

| စဉ် | မသန်စွမ်းမှု အမျိုးအစားများ | အသုံးပြုသော အရင်းအမြစ်များ | ရှင်းလင်းချက် |
|---|---|---|---|
| ၁ | ကိုယ်အင်္ဂါ မသန်စွမ်း | အကူလူ | သန်စွမ်းသူများနှင့်တန်းတူ လှုပ်ရှားသွားလာနိုင်စွမ်း မရှိသည့် မသန်စွမ်းသူများအတွက် လိုအပ်သည့် လှုပ်ရှားသွားလာမှုကို အထောက်အကူ ပြုပေးသည့်သူ |
| | | အချိန်ပိုပေးခြင်း | စာရေးရန် အခက်အခဲရှိသော မသန်စွမ်းသူများ အတွက် စာမေးပွဲတွင် ဖြေဆိုချိန် ထပ်ဆောင်း ပေးခြင်းဖြစ်သည်။ |
| ၂ | အမြင်အာရုံမသန်စွမ်း | လက်စမ်းစာပေ | Braille |
| | | မျက်မမြင် လက်နှိပ်စက် | Brailler |
| | | မျက်မမြင် စာ ထုတ်စက် | Braille Embosser |
| | | မျက်မမြင် စာရေးဘောင် | Braille Frame |
| | | မျက်မမြင် စာရေးဆူး | Braille Stiles |
| | | မျက်မမြင် သချ်ာဘောင် | Tailor Frame |
| | | မျက်မမြင် စာရေးစက္ကူ | Braille Paper |
| | | မျက်မမြင် လက်စမ်းစာ ပုံနှိပ်စာအုပ် | Braille Text Book |
| | | မျက်မမြင် ပုံဆွဲကိရိယာ | Braille Drawing Tool |
| | | မျက်မမြင် လက်စမ်းနာရီ | Braille Watch |
| | | မျက်မမြင် အသံထွက်စာအုပ် | Audio Book |
| | | အသံထွက်ဂဏန်းပေါင်းစက် | Talking Calculator |
| | | လက်စမ်းစာပေမှတ်စုလိုက် ကိရိယာ | Braille Sense |
| | | အသံထွက် ပေါင်ချိန်စက် | Talking Weigh Scale |
| | | ရေနွေးထည့်ကိရိယာ | Water Gate |
| ၃ | အကြားအာရုံမသန်စွမ်း | လက်သင်္ကေတပြ ဘာသာစကား | လက်သင်္ကေတပြ ဘာသာစကားမှာ နားမကြားသူများ အသုံးပြုသော မိခင်ဘာသာစကားဖြစ်သည်။ သဒ္ဒါဖွဲ့စည်းတည်ဆောက်ပုံ စနစ်တကျရှိသည်။ |
| | | လက်သင်္ကေတပြ ဘာသာစကား စကားပြန် | နားမကြားသူများ အသုံးပြုသည့် လက်သင်္ကေတပြ ဘာသာစကားကို ကျွမ်းကျင်သည့် နားကြား စကားပြန်သူ |
| | | ကိုယ်ဟန်အမူအရာဖြင့် ဆက်သွယ်ခြင်း | ကိုယ်ဟန်အမူအရာဖြင့် ဆက်သွယ်ခြင်းသည် လက်သင်္ကေတပြ ဘာသာ စကား မဟုတ်ဘဲ အသံ မထွက်သည့် ဆက်သွယ်ရေး နည်းလမ်း တစ်ခုဖြစ်သည်။ |
| | | စာရေးဆက်သွယ်ခြင်း(Writing) | စာဖြင့်ရေးသား ဆက်သွယ်ခြင်း နည်းလမ်း |
| | | နှုတ်ကြည့်ဖတ်ခြင်း (lip reading) | နှုတ်ကြည့်ဖတ်ခြင်းဆိုသည်မှ ဆက်သွယ်လာသူ၏ နှုတ်ခမ်းလှုပ်ရှားမှုကို ကြည့်၍ ဆိုလိုသည့် အဓိပ္ပာယ်ကို နားလည်ခြင်းဖြင့်ဆက်သွယ်ပြောဆိုခြင်းဖြစ်သည်။ |
| | | ဘာသာစကားနှစ်ခုဖြင့် | ဘာသာစကားနှစ်ခုဖြင့် ဆက်သွယ်ခြင်း |

| | | | |
|---|---|---|---|
| | | ဆက်သွယ်ခြင်း (Bilingual ) | နည်းလမ်းတွင် လက်သင်္ကေတပြဘာသာစကားနှင့် စာရေးသားခြင်း နည်းလမ်းတို့ဖြင့် ဆက်သွယ်ကြသည်။ |
| | | နည်းလမ်းမျိုးစုံဖြင့် ဆက်သွယ်ခြင်း (Total Communication) | နားနည်းနည်းကြားသူ/ နားကြားပြီးမှ အကြားအာရုံ ဆုံးရှုံးသူ နှင့် အကြားနှုန်း နည်းစကာလတွင် လက်သင်္ကေတပြ ဘာသာစကား၊ စကားပြော ဘာသာ စကား၊ စာရေး ဆက်သွယ်ခြင်း စသည့် နည်းလမ်းမျိုးစုံဖြင့် အသုံးပြုသည့် ဆက်သွယ်ရေး နည်းလမ်း တစ်ခုဖြစ်သည်။ |
| ၄ | ဉာဏ်ရည် မသန်စွမ်း | အလုပ်ပေး ကုထုံး | Occupational Therapy |
| | | ဂီတ ကုထုံး | Music Therapy |
| | | အပြုအမူပိုင်းဆိုင်ရာ ကုထုံး | Behavior Therapy |
| | | အနုပညာ ကုထုံး | Art Therapy |
| | | ဆက်သွယ်ရေး ကုထုံး | Communication Therapy |
| | | Drama ကုထုံး | Drama Therapy |
| | | ကစားကုထုံး | Play Therapy |
| | | ကာယလေ့ကျင့်ခန်း ကုထုံး | Physio Therapy |
| | | ရုပ်ပုံကားချပ်များဖြင့် ဆက်သွယ်ခြင်း | Picture exchange communication |
| | | သင်ထောက်ကူပစ္စည်း | Learning Aids/ Teachin Aids |
| | | ကြွက်သားသေး လေ့ကျင့်ခြင်း | Fine Motor Skill |
| | | ကြွက်သားကြီး လေ့ကျင့်ခြင်း | Gross Motor Skill |
| | | အာရုံခံစားမှုများနှင့် ပတ်သက်သောကုထုံး | Sensory Integration Therapy |
| | | စောလျင်စွာ သတိပြု သိရှိခြင်းနှင့် သင်ကြားပေးခြင်း | Early Childhood Intervention |
| | | အိမ်မှုလုပ်ငန်း ကျွမ်းကျင်မှု | Domestic Skill |
| | | နေ့စဉ်လုပ်ငန်းဆောင်တာများ တွင် မိမိကိုယ်တိုင် လုပ်ဆောင် နိုင်ရန်လေ့ကျင့်သင်ကြားပေးခြင်း | Activities of Daily Living (ADL) |
| | | မသန်စွမ်းကလေးများ | Children with Disabilities |
| | | မသန်စွမ်း ကျောင်းသူ ကျောင်းသားများ | Student with Disabilities |
| | | ကလေးများ၏ ဖွံ့ဖြိုးမှုဖြစ်စဉ် | Developmental Process |
| | | သင်ယူမှုအနည်းငယ်ခက်ခဲသော သူများ | Learning Difficulties |
| | | ကွဲပြားခြားနားသော သင်ယူမှုဆိုင်ရာ လိုအပ်ချက်များ | Different Learing Needs |

# ၈။ အထောက်အကူပြု ပစ္စည်းများ၊ နည်းပညာဆိုင်ရာများ နှင့် ပတ်သက်သည့် အသုံးအနှုန်းများ

မသန်စွမ်းမှုဆိုင်ရာ အထောက်အကူပြု ပစ္စည်းများနှင့် နည်းပညာဆိုင်ရာ ကဏ္ဍတို့တွင် သုံးနှုန်းလျက်ရှိသော ဝေါဟာရ အသုံးအနှုန်းများ ကို ဖော်ပြလိုပါသည်။

(၁) လိုအပ်မှုအပေါ် အခြေခံသော (Need based)

(၂) ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေး (CBR -Community Based Rehabilitation)

(၃) မသန်စွမ်းသူများ ၏ အဖွဲ့အစည်းများ (DPOs - Disabled People Organizations/ Organization of PWDs)

(၄) မသန်စွမ်းသူများ အတွက် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများ (Organization for PWDs)

(၅) ကိုယ့်အားကိုယ်ကိုး မသန်စွမ်းအဖွဲ့/ အုပ်စု (SHG-Self help Group)

(၆) ကိုယ်တိုင်ဆုံးဖြတ် ဘဝရပ်တည်နိုင်ရေး (IL-Independent Living)

(၇) နှစ်လမ်းပြိုင် ချဉ်းကပ်နည်း (Twin-track approach)

(၈) အကျုံးဝင်ပါဝင်မှု (Inclusion)

(၉) အားလုံးအကျုံးဝင်ပါဝင်မှု (All-inclusive)

(၁၀) ဘေးဖယ်ထားခြင်း၊ ဖယ်ကြဉ်ခံရခြင်း (Marginalization)

(၁၁) ထိခိုက်ခံစားလွယ်သော အုပ်စု (Vulnerability/ Vulnerable group)

(၁၂) နှစ်ဖက်လုံး ကျေနပ်မှုရရှိသည့် ဖြေရှင်းနည်း (Win-win solution)

(၁၃) စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင် (SDG-Sustainable Development Goals)

(၁၄) မသန်စွမ်းမှတ်ပုံတင်ကတ် (Disability Registration Card)

(၁၅) မသန်စွမ်းသူများ၏ အခွင့်အရေးများဥပဒေ/ နည်းဥပဒေများ (Disability Rights Law/ By law)

(၁၆) ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်း (United Nation Convention on the Right of Persons with Disabiliites)

**ကိုယ်အင်္ဂါ မသန်စွမ်းသူများ အသုံးပြုသည့် နည်းပညာနှင့် အထောက်အကူပစ္စည်းများ**

(၁) ဘေးတိုက်တွန်းတံခါး (Slide Door)

(၂) လျှောစောက်လမ်း (Hydraulic Slope/ Ramp)

(၃) လက်ကိုင်တန်း (Hand Rail)

(၄) ထိုင်လျက်ကစားသည့် ဘော်လီဘောကစားနည်း (Sitting Volleyball)

(၅) ဘီးချဲလ် ဘတ်စ်ကတ်ဘော ကစားနည်း (Wheelchair basketball)

(၆) ဘီးချဲလ် လျှောက်လမ်း (Wheelchair ramp)

(၇) ဘီးချဲလ် အမြန်တွန်းပြိုင်ပွဲ

(၈) ဘီးချဲလ် အခက်အခဲပြိုင်ပွဲ

(၉) မသန်စွမ်းဆံပင်ညှပ်ဆရာအတွက် အထူးပြုလုပ်ထားသည့် ထိုင်ခုံ (Special Chair for Hair cutting)

(၁၀) လက်လှည့်အပ်ချုပ်စက် (Hand sewing)

(၁၁) ကြိုးမဲ့ဆက်သွယ်ရေး စနစ်သုံး မျက်မှန် (Bluetooth Glass)

(၁၂) လူတိုင်းလက်လှမ်းမီနိုင်သည့် သက်မွေးသင်တန်း (Accessible Livelihood Training)

(၁၃) ပုဂ္ဂိုလ်ရေးအကူ၊ ကိုယ်ရေးလက်ထောက် (Personal Assistant)

(၁၄) လျှပ်စစ်ဝှီးချဲလ်၊ ကလေးဝှီးချဲလ်၊ ၃ ဘီး ဝှီးချဲလ်၊ အရေးပေါ် ကယ်ဆယ်ရေးသုံး ဝှီးချဲလ် (Electric WC, Manual WC, Baby WC, Standing WC, Evacuation Chair, Special Wheel Chair)

(၁၅) ချိုင်းထောက် (Crutches)

(၁၆) လက်ထောက် (Elbow crutches)

(၁၇) လေးချောင်းထောက် (Quadri-pot)

(၁၈) သတ္တုကိုင်းတပ် အားပြုကိရိယာ အတို/ အရှည် (Brace)

(၁၉) ခြေတု (Prosthesis)

(၂၀) ခြေတု၊ ခြေဖဝါးအတု၊ ဒူးအောက်/ အထက် (Artificial Leg)

(၂၁) လက်တု၊ တံတောင်ဆစ်အောက်/ အထက် (Artificial Arm)

(၂၂) ကိုယ်ခန္ဓာအစိတ်အပိုင်းများအား အစားထိုး တပ်ဆင်ခြင်း (Prosthetic Materials)

(၂၃) ဒူးခါးပတ်၊ ပေါင်ခါးပတ်၊ လည်ပင်း၊ ဂုတ်၊ ကျောရိုး၊ ခါး၊ ခြေကျင်းဝတ်၊ ခြေချောင်း၊ ခြေကပ် (ဖိနပ်အထူ) (Orthotic Materials)

**အမြင်အာရုံ မသန်စွမ်းသူများ အသုံးပြုသည့် နည်းပညာ နှင့် အထောက်အကူပစ္စည်းများ**

(၁) ပတ်ဝန်းကျင်လေ့လာခြင်းနှင့် လှုပ်ရှားသွားလာမှု နည်းပညာ (Orientation and Mobility)

(၂) နေ့စဉ်နေထိုင်မှုဆိုင်ရာ ပညာရပ် (Daily Living Skills)

(၃) မျက်မမြင်လျှောက်လမ်း (Braille Block)

(၄) အကြောပြင် အနှိပ်ပညာ (အနှိပ်ပညာရှင်)

(၅) မျက်မမြင်အားကစား (ဂိုးဘော၊ ဖူဆယ်)

(၆) မျက်မမြင် ဘောလုံးကစားခြင်း

(၇) အသံထွက်နာရီ၊ လက်စမ်းနာရီ

(၈) မျက်မမြင်များ၏ ဂီတသင်္ဂီတ

(၉) မျက်မမြင်စာရေးစာဖတ်သင်တန်း

(၁၀) မျက်မမြင် လက်စမ်းစာပေ ထုတ်ဝေရေးလုပ်ငန်း

(၁၁) အသံထွက်စာအုပ် (Talking book, Audio Book)

(၁၂) ပုံအကြီးချဲ့ စာ (Large Print)

(၁၃) မျက်မမြင် ကွန်ပျူတာအသုံးပြုသူများအတွက် အထောက်အကူ ပြုပေးသည့် အသံထွက် ဆော့ဝဲလ်များ (Screen Reader Software, JAWs for windows, Open Book, Braille Translator, Converter)

(၁၄) အသံထွက် ဆော့ဖ်ဝဲလ် Text to Speech Engine (ALO software)

(၁၅) မျက်မမြင်လက်စမ်းစာ သို့ ပြောင်းလဲပေးသည့် ဆော့ဖ်ဝဲလ် DBT (Duxbury Braille Translator)

(၁၆) မျက်မမြင်လမ်းပြခွေး (Guide Dog)

(၁၇) မျက်မမြင်လမ်းလျှောက်တုတ် (White Cane)

**အကြားအာရုံ မသန်စွမ်းသူများ အသုံးပြုသည့် နည်းပညာနှင့် အထောက်အကူပစ္စည်းများ**

(၁) နှုတ်ခမ်းကြည့်ဖတ်ခြင်း (Lip reading)

(၂) လက်ဖြင့်စာလုံးပေါင်းခြင်း (Finger Spelling)

(၃) နားကြပ် (နားကြား အထောက်အကူပြု ကိရိယာ) ဖြင့် အသံနားထောင်လေ့ကျင့်ခြင်း (Auditory Training)

(၄) အတွင်းနားအတုစက် ခွဲစိတ်တပ်ဆင်မှု(Cochlear Implant)

(၅) နားထောင်ခြင်းနှင့် စကားပြော ကုသခြင်း (Auditory-Verbal Therapy)

(၆) နားထောင်ခြင်းနှင့် စကားပြောကုသသူ (AV Therapist)

(၇) စကားပြောသင်သူ/ ပညာရှင် (Speech Therapist)

(၈) ပထမ AVT နှင့်သွားပြီး နားကြားကိရိယာ/ CI တပ်ထားသူ အချင်းချင်း စုပေါင်း ထားကာ စာသင်ခန်း နှင့် သင်ကြားပေးခြင်း နည်းလမ်းဖြစ်သည်။ နားထောင်ခြင်းနှင့် စကားပြောခြင်းတို့ကို သင်ကြားပေးကာ ပင်မကျောင်းတွင် တက်ရောက် ပညာ သင်ယူကြသည်။ (Oral -Auditory Oral)

(၉) တစ်ဦးချင်းသင်ကြားပေးသည့် နည်းလမ်းဖြစ်ပြီး မိဘနှင့် မိသားစုဝင်အား အဆိုပါ အကြားအာရုံမသန်စွမ်းသူအား အနီးကပ် ဆက်လက် ပံ့ပိုးပေးနိုင်ရန် နည်းစနစ် များကို ဆရာမှ သင်ကြားပေးသည်။နားကြားအထောက်အကူပြု ကိရိယာနှင့် အသံကို နားထောင်တတ်အောင် ကလေးအား နမူနာပြ ပြီး မိဘများအား သင်ပေးကြားပေးသည်။ အချိန်ပိုင်း ဖြင့် ပံ့ပိုးပေးပြီး ပညာဆက်လက်သင်ယူနိုင်ရန် ပင်မကျောင်းသို့ တက်ရောက်စေသည်။ (AVT – Auditory Verbal Approach)

(၁၀) လက်လှုပ်ရှားမှုပြသော သင်္ကေတများ (Manual Signals - MS)

(၁၁) လက်လှုပ်ရှားမှုမဟုတ်သော သင်္ကေတများ (Non-manual Signals - NMS)

(၁၂) လက်သင်္ကေတပြဘာသာစကား ဖွဲ့စည်းတည်ဆောက်ပုံ (Sign Language Structure)

(၁၃) လက်သင်္ကေတပြ ဘာသာစကားသဒ္ဒါ (Sign Language Structure)

(၁၄) ပုံသဏ္ဍာန်ဖြင့် ပုံဖော်ခြင်း (Classifier - CL)

(၁၅) ကိုယ်ခွဲပြောခြင်း (နာမ်စားသုံးပြီးပြောခြင်း) (Role Shift - RS)

(၁၆) ကိုယ်အမူအရာဖြင့် သရုပ်ဖော်ပြခြင်း (Pantomime)

(၁၇) နိုင်ငံတကာသုံးလက်သင်္ကေတပြ ဘာသာစကား (International Sign Language)

(၁၈) နားမကြား စကားပြန် (Deaf Interpreter)

(၁၉) နားမကြားသူ ပါဝင်သည့် မိသားစုအတွင်း မှ လက်သင်္ကေတပြ ဘာသာစကား တတ်ကျွမ်းသော နားကြားသူ (CODA - Children of the Deaf Adult)

(၂၀) တစ်ဆင့်ခံပြောသူ (Feeder)

(၂၁) လက်သင်္ကေတပြဘာသာစကား အဘိဓာန် စာအုပ် (Sign Language Dictionary)

(၂၂) လက်သင်္ကေတဖြင့် ဖော်ပြသော မိုဘိုင်း အက်ပ်လီကေးရှင်း (Mobile Application - SL)

(၂၃) လက်သင်္ကေတအသုံးပြု၍ စာရေးခြင်း (Sign Writing)

(၂၄) စကားလုံးမှ လက်သင်္ကေတသို့ ပြောင်းသည့် မိုဘိုင်း အက်ပ်လီကေးရှင်း (Text to Sign Language Application)

(၂၆) တယ်လီဖုန်းစကားပြန် (Telephone Interpreter)

(၂၇) ဗွီဒီယို ဖြင့်ဆက်သွယ်ခြင်း (Video Relay Service)

(၂၈) နားမကြားသူများအိုလံပစ်အားကစား (Deaflympic)

(၂၉) အချိန်နှင့်တစ်ပြေးညီ စာရိုက်၍ စကားပြန်ခြင်း (Communication Access Real-time Translation)

(၃၀) သောတအာရုံဗေဒ (Audiology)

(၃၁) နားကြားနိုင်စွမ်း စစ်ဆေးမှု ကျွမ်းကျင်သူ (Audiometrist)

(၃၂) နားစမ်းသပ်မှုဆိုင်ရာ စမ်းသပ်ကျွမ်းကျင်သူ (Audiologist)

(၃၃) နားကြားနှုန်းပြ ဂရပ်စာရွက် (Audiogram)

(၃၄) မူရင်း နားကြားနှုန်းပြ ဂရပ်စာရွက် (Unaided Audiogram)

(၃၅) အထောက်အကူကိရိယာဖြင့် နားကြားနှုန်းပြ ဂရပ်စာရွက် (Aid Audiogram)

(၃၆) အသံထွက် ကုထုံး (Speech Therapy)
(၃၇) အသံထွက် ကုထုံး ပညာရှင် (Speech Therapist)
(၃၈) အသံထွက်နှင့် ဘာသာစကားဗေဒ (Speech & Language Pathology)
(၃၇) အသံထွက်နှင့် ဘာသာစကားဗေဒ ကုထုံးပညာရှင် (Speech & language Pathologist)
(၄၀) တစ်ဦးချင်း နားထောင်ခြင်းနှင့် စကားပြောကုထုံး (Auditory-Verbal Therapy)
(၄၁) တစ်ဦးချင်း နားထောင်ခြင်းနှင့် စကားပြောကုထုံး ပညာရှင် (Auditory-Verbal Therapist)
(၄၂) တစ်ဦးထက် ပိုသော (အုပ်စု) နားထောင်ခြင်းနှင့် စကားပြောသင်ခြင်း (Auditory Oral)
(၄၃) ပေါင်းစုနည်းလမ်းဖြင့် ဆက်သွယ်ပြောဆိုခြင်း (Total Communication)
(၄၄) နားမကြားအထူးပြု ဆရာ/ မ (Teacher of the Deaf)
(၄၅) နားမကြားပညာရေး ကျွမ်းကျင်ပညာရှင် (Deaf educator)
(၄၆) နား၊ နာခေါင်း၊ လည်ချောင်း၊ ဦးခေါင်း နှင့် လည်ပင်း ခွဲစိတ်ကု ဘာသာဗေဒ (Otorhinelaryngology)
(၄၇) နား၊ နာခေါင်း၊ လည်ချောင်း၊ ဦးခေါင်း နှင့် လည်ပင်း ခွဲစိတ်ကု ဆရာဝန် (Otorhinolaryngologist)
(၄၈) နားကြားကိရိယာ/ နားကြားအထောက်အကူပြုကိရိယာ (Hearing Aid)
(၄၉) ခန္ဓာကိုယ်တွင် တပ်ဆင်သော နားကြားအထောက်အကူပြုကိရိယာ (Body Hearing Aid)
(၅၀) နားနောက်ချိတ် နားကြားအထောက်အကူပြုကိရိယာ (BTE - Behind the ear aid)
(၅၁) အတွင်းနား အာရုံကြော နှီးဆွစက် (CI - Cochlear Implant)
(၅၂) အသံလုံခန်း (Sound Proof room)
(၅၃) အကြားအာရုံလျော့နည်း/ ချို့ယွင်း (Hearing Loss)
(၅၄) အကြားအာရုံစမ်းသပ်ခြင်း/ နားစမ်းသပ်ခြင်း (Hearing Test)
(၅၅) နားကြားနှုန်းတိုင်းစက်/ အကြားနှုန်းတိုင်းတာ စက် (Audiometer)
(၅၆) အသံသယ်ဆောင်သည့် လမ်းကြောင်း (Conductive HL/ DN)
(၅၇) အတွင်းနား အာရုံကြောနှင့် ဦးနှောက်လမ်းကြောင်းဆိုင်ရာ ချို့ယွင်းမှု (Sensorinal HL/ DL - Nerve HL)
(၅၈) တစ်ဦးချင်း (သို့) အုပ်စုဖြင့် သာမန်စာသင်ခန်းသုံး စနစ်/ ကိရိယာ (Assistive Listening Device)
(၅၉) ပြောသူနှင့် နားထောင်သူ လွယ်ကူရှင်းလင်းစွာ သုံးနိုင်သော အထောက်အကူပြု ကိရိယာ (Frequency Modulation-FM)
(၆၀) အများသုံး၊ အုပ်စုသုံး ပြောသူနှင့် နားထောင်သူ စကားသံ ရှင်းလင်း စွာ သုံးနိုင်သော အထောက်အကူပြု စနစ် (Infrared)
(၆၁) ကြိုးဆက်သွယ်တန်း အုပ်စုသုံး စနစ် (Induction Hop)
(၆၂) တစ်ဦးချင်းနှင့် ဆိုင်သော အသံချဲ့စနစ်/ အထောက်အကူကိရိယာ (Personal Amplification)
(၆၃) အချက်ပြမီး (Flash light)
(၆၄) တုန်ခါမှုပြနာရီ (Vibration watch)
(၆၅) Call Center မှ SL စကားပြန်နှင့် Video ဖြင့် စကားပြန်ခြင်း (Video Relay Service)
(၆၆) ဓာတ်ပုံမှ ရုပ်ပုံသို့ပြောင်းသော Software (Tracing Software)
(၆၇) ဓာတ်ပုံမှ ရုပ်ပုံသို့ပြောင်းဆွဲရာတွင် အသုံးပြုရသော ကိရိယာ (Tracing Box)
(၆၈) လက်သင်္ကေတပြဘာသာစကား စကားပြန် (နားကြားသူ) (Sign Language Interpreter)
(၆၉) လက်သင်္ကေတပြဘာသာစကား ဘာသာပြန် (နားကြားနှင့် နားမကြား) (Sign Language Translator)
(၇၀) လက်သင်္ကေတပြဘာသာစကား စကားပြန် (နားမကြား) (Deaf Interpreter)

**ဉာဏ်ရည်မသန်စွမ်းသူများ အသုံးပြုသည့် နည်းပညာ နှင့် အထောက်အကူပစ္စည်းများ**

(၁) တစ်ဦးချင်းပညာရေး အစီအစဉ် (အထူးပညာရေးအစီအစဉ်) (Individual Education Plan – IEP)

(၂) PILES (Physical, Intellectual, Language, Emotional & Social)

- P ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်စေရန် လေ့ကျင့် သင်ကြားခြင်း
- I အသိပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန် လေ့ကျင့် သင်ကြားခြင်း
- L ဘာသာစကား ဖွံ့ဖြိုးတိုးတက်စေရန် လေ့ကျင့် သင်ကြားခြင်း
- E စိတ်ခံစားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန် လေ့ကျင့် သင်ကြားခြင်း
- S လူမှုပေါင်းသင်းဆက်ဆံရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန် လေ့ကျင့်သင်ကြားခြင်း

(၃) နေ့စဉ်လုပ်ငန်း ဆောင်တာများတွင် မိမိကိုယ်တိုင် လုပ်ဆောင်လာနိုင်ရန် လေ့ကျင့် သင်ကြားပေးခြင်း (Active Daily Living)

(၄) အိမ်မှုကိစ္စလုပ်ငန်းဆောင်တာများတွင် ပါဝင် လုပ်ဆောင်နိုင်ရန် သင်ကြားပေးခြင်း (Household Chores)

(၅) တေးဂီတဖြင့် ဖွံ့ဖြိုးတိုးတက်အောင် လေ့ကျင့် သင်ကြားပေးခြင်း (Music Activities)

(၆) လက်မှုပညာဖြင့် တီထွင်ဖန်တီးတတ်အောင် လေ့ကျင့်သင်ကြားပေးခြင်း (Arts & Crafts)

(၇) အကြို အသက်မွေးဝမ်းကျောင်းပညာ လေ့ကျင့် သင်ကြားပေးခြင်း (Pre-vocational Training)

(၈) လိင်ပညာပေးအစီအစဉ် (Sex Education)

(၉) ကျန်းမာရေးပညာပေး အစီအစဉ် (Health Education)

(၁၀) မိမိ၏ ရပိုင်ခွင့် အခွင့်အရေးများကို ကိုယ်တိုင်သိရှိ၊ နားလည်တောင်းဆို တတ်စေရန် သင်ကြားပေးခြင်း (လိုအပ်ပါက မိဘ၊ ဆရာများမှ ကူညီပေးရန်)

(၁၁) အပြုအမူပိုင်းဆိုင်ရာ ကုထုံးများ (Behavior Modification/ Behavior Therapy)

(၁၂) သဘာဝပတ်ဝန်းကျင်တွင် လက်တွေ့အသုံးချရန် သင်ကြားပေးခြင်း (NET: Natural, Enviroment and Teaching)

(၁၃) မိမိတို့ စိတ်ပါဝင်စားမှုအပေါ် မူတည်၍ အားလပ်ချိန်များ တွင် အပန်းဖြေအနားယူတတ်စေရန်နှင့် စိတ်ဝင်စားမှုရှိသော အလုပ်များဖြင့် အပန်းဖြေတတ်အောင် သင်ကြားပေးခြင်း (Training on recreational activities)

(၁၄) ပညာပေးကစားခြင်း (Educational Play)

(၁၅) အနုစိတ်လေ့ကျင့်ပေးခြင်း ဝန်ဆောင်မှု (Occupational Therapy)

(၁၆) ပါဝင်နေသည့် ကျွမ်းကျင်မှုများ (Components Skills)

(၁၇) ဇီဝယန္တရား လှုပ်ရှားဆောင်ရွက်မှု (Biochemical)

(၁၈) အာရုံတုံ့ပြန်လှုပ်ရှားမှု (Sensor motor)

(၁၉) သတိပြု မှတ်သားနားလည်မှု (Cognitive Perceptual)

(၂၀) လူမှုဆက်ဆံရေးစွမ်းရည်များ (Interpersonal Skills)

(၂၁) ပုဂ္ဂိုလ်ရေးရာ ကျွမ်းကျင်မှု (Intrapersonal Skills)

(၂၂) လေ့ကျင့်ပေးရမည့် နယ်ပယ်များ (တစ်ကိုယ်ရေလှုပ်ရှားမှု၊ အနုစိတ်လှုပ်ရှားမှု၊ ပညာရေး၊ အထိအတွေ့အာရုံ၊ ကိုယ်ဟန်အနေအထားသိရှိ ခံစားမှု အာရုံ၊ အသံအာရုံ၊ အမြင်အာရုံ သိမှု၊ စိတ်ခံစားမှု၊ နှစ္စဂုဝ လှုပ်ရှားမှု သင်ကြားခြင်း) Domains (Gross motor skill, Fine mortor skill, Academic skill, Sensory activities and Self-help skill)

# ၉။ မသန်စွမ်းမှုနှင့် မီဒီယာ

မသန်စွမ်းမှုဆိုင်ရာ ဝေါဟာရ အသုံးအနှုန်းများ သင့်လျော်မှန်ကန်စွာ သုံးစွဲနိုင်ရေးတွင် မီဒီယာသည် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်သည်။ မသန်စွမ်းသူများ၏ အခြေအနေများ၊ စိန်ခေါ်မှုများကို အစိုးရနှင့် အများပြည်သူကို ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် မီဒီယာများ၏ ပံ့ပိုးကူညီမှု များစွာလိုအပ်ပါသည်။ မီဒီယာများမှ သတင်းတင်ဆက်ရာတွင် မသန်စွမ်းမှုကို ပုံဖော်သည့် ရှုထောင့်အမြင်သည်လည်း မသန်စွမ်းသူများ၏ အခွင့်အရေး၊ ဂုဏ်သိက္ခာကို မထိခိုက်စေဘဲ ဖော်ပြနိုင်ရန် လိုအပ်မည် ဖြစ်ပါသည်။ မီဒီယာများမှ မသန်စွမ်းသူများနှင့် သက်ဆိုင်ပြီး ဖော်ပြ ရေးသားမည်/ ရိုက်ကူးမည် ဆိုပါက အောက်ပါ အချက်များသည် အပြန်အလှန်လေးစားမှုရှိစေမည့် အချက်များဖြစ်ပါသည်။

- **မသန်စွမ်းသူ၏ ဂုဏ်သိက္ခာကို ထည့်သွင်းစဉ်းစားရန်အချက်များ**
  - မသန်စွမ်းမှုအား အလေးပေး ဖော်ပြခြင်းမပြုသင့်ပါ။
  - မသန်စွမ်းသူ၏ ရင်တွင်းဆန္ဒကို ဖော်ထုတ်ခွင့်ပြုပါ။
  - မသန်စွမ်းသူများကို လူမှုအသိုက်အဝန်း၏ အစိတ်အပိုင်း တစ်ခုအဖြစ် ရှုမြင်ပါ။
  - မသန်စွမ်းသူများကို ထူးခြားသော အစွမ်းရှိသူ၊ သူရဲကောင်းများအဖြစ် ပုံဖော်မတင်ပြသင့်ပါ။
  - မသန်စွမ်းသူများသည် ကံမကောင်းသူ၊ ရောဂါသည်၊ သနားစဖွယ်အဖြစ် ပုံမဖော်သင့်ပါ။
  - မသန်စွမ်းသူ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များ အားထိန်းသိမ်းပါ။

- **မသန်စွမ်းသူများကို အင်တာဗျူးရာတွင် သတိပြုသင့်သည့် အချက်များ**
  - မသန်စွမ်းမှုအား မည်သို့ဖော်ပြစေလိုသည်ကို မေးမြန်းပါ။
  - ကာယကံရှင်အား တိုက်ရိုက်မေးမြန်းပါ။
  - အကြားအာရုံ မသန်စွမ်းသူအား တိုက်ရိုက်မေးမြန်းပါ၊ စကားပြန် အား မေးမြန်းခြင်းမျိုး ရှောင်ကြဉ်ပါ။
  - ဆွေးနွေးနေစဉ် ဖြေဆိုသူအသုံးပြုသည့် အားပြုကရိယာ၊ အထောက်အကူပြုပစ္စည်းများအား ထိတွေ့ကိုင်တွယ် နေခြင်းမျိုး မပြုသင့်ပါ။
  - မသန်စွမ်းသူ၏ ဖြေဆိုချက်များကို ပြီးဆုံးသည်အထိ စိတ်ရှည်စွာစောင့်ဆိုင်းပါ။
  - မသန်စွမ်းမှုကြောင့် စိတ်ထိခိုက်ခံစားရသည်ကိုစိုးရိမ်၍ မေးခွန်းများ ချန်လှပ်ခြင်း မပြုသင့်ပါ။

- **မသန်စွမ်းသူများအား ရုပ်သံများ ရိုက်ကူးရာတွင် သတိပြုသင့်သည့် အချက်များ**
  - မေးမြန်းသူနှင့် ဖြေဆိုသူ အနိမ့်အမြင့် တူညီရန် လိုပါသည်။
  - မိုက်ကရိုဖုန်းအား လိုအပ်သလို အနိမ့်အမြင့် ညှိပါ
  - အထောက်အကူပြုပစ္စည်းအား တိုက်ရိုက် ရိုက်ကူးတင်ပြခြင်းမျိုးမပြုပါနှင့်
  - အကူအညီလိုမလိုမေးပြီးမှ အကူအညီပေးပါ
  - မေးခွန်းမေးမြန်းရန် ရွေးချယ်ထားသောနေရာသည် မသန်စွမ်းသူအတွက် အဆင်ပြေသင့်လျော်သည့် အခြေအနေ ဖြစ်ရန်လိုပါသည်။
  - မေးခွန်းများတရစပ်၊ အလျင်စလိုမေးမြန်းခြင်းမျိုးသည် မသန်စွမ်းမှု အမျိုးစားအချို့အတွက် အဆင်မပြေပါ။
  - မသန်စွမ်းမှုကြောင့် ဖြေဆို၊ ပြောပြသည့်အကြောင်းအရာကို နားလည်ရန်ခက်ခဲပါက အဖြေကို မသိကျိုးကျွံပြုခြင်းမျိုး ရှောင်ကျဉ်ပါ။
  - အမြင်အာရုံမသန်စွမ်းသူနှင့် တွေ့ဆုံမေးမြန်းသည့်အခါ မျက်နှာအားတိုက်ရိုက်ကြည့်၍ မေးမြန်းပြောဆိုပါ။
  - အကြားအာရုံမသန်စွမ်းသူနှင့် တွေ့ဆုံမေးမြန်းသည့်အခါ အသံပိုမိုကျယ်လောင်စွာ မေးမြန်းပြောဆိုရန် မလိုအပ်ပါ။

- **မသန်စွမ်းမှုဆိုင်ရာ အကြောင်းအရာများ ကို ရေးသားတင်ပြရာတွင် သတိပြုသင့်သောအကြံပြုချက်များ**
    - တရားသေ အမြင်များကို သတိပြုရန်
    - ချိုးနှိမ်ရာရောက်သော စကားလုံး၊ အသုံးအနှုန်းများ မသုံးစွဲရန်
    - အပြုသဘောဆောင်သောဘက်မှ ရေးသားတင်ပြရန်
    - ထိရှလွယ်သောအကြောင်းအရာများကို သတိပြုကာ လူတစ်ဦးချင်းစီအပေါ် တန်ဖိုးထားလေးစားမှုပြုရန်
    - မသန်စွမ်းသူများကို အခွင့်ထူးခံများအဖြစ် ပုံဖော်ခြင်းမပြုရန်
    - မသန်စွမ်းသူများ၏ အမြင်များကိုလည်း ထည့်သွင်းရန်
    - မသန်စွမ်းသူများ လက်လှမ်းမီ ရယူနိုင်သော ပုံစံဖြင့် ထုတ်ဝေရန်

- **မသန်စွမ်းသူများ၏ ဓာတ်ပုံများရိုက်ကူးရာတွင် လိုက်နာသင့်သည့် ကျင့်ဝတ်များ**
    - ရှေးဦးစွာခွင့်တောင်းပါ၊ ကလေးဖြစ်ပါက မိဘအုပ်ထိန်းသူထံတွင် ခွင့်တောင်းပါ
    - ဓာတ်ပုံရိုက်ခံမည့်သူ၏ ဝတ်စားဆင်ယင်မှု အဆင်ပြေမပြေ ကြည့်ပေးပါ။
    - ရှုမြင်ရန် မသင့်လျော်သည့် ကိုယ်ဟန်အနေထားဖြစ်နေပါက လိုအပ်သလိုပြင်ဆင်ပေးပါ။
    - အပြုသဘောဆောင်သော (positive manner) ပုံများကိုအတတ်နိုင်ဆုံး ဦးစားပေး အသုံးပြုပါ။ (ပြုံးရယ်နေသော၊ မိသားစုနှင့်အတူ ပါဝင်နေသော၊ အလုပ်လုပ်နေသော)
    - အခြေအနေ အကြောင်းအရာတစ်ရပ်အားမှတ်တမ်းအဖြစ်မှ လွဲ၍ အလွန်သနားစဖွယ်၊ ထိခိုက်ခံစားနေရပုံ၊ ခွဲခြားနှိမ့်ချခံရပုံများ ရိုက်ကူးရန် မသင့်ပါ။
    - မသင့်လျော်သောပုံများရိုက်ကူးမိပါက ကင်မရာထဲမှ ဖျက်ပစ်ပါရန်။

မှတ်ချက် - အထက်ပါ မသန်စွမ်းမှုနှင့် မီဒီယာ ကဏ္ဍတွင် ဖော်ပြထားသော အချက်များနှင့် ရုပ်ရှင်၊ ဗွီဒီယိုများ တွင် အနုပညာ ရသမြောက်အောင် ဖန်တီးတင်ဆက်ခြင်း၊ သတင်းသမားများမှ အဖြစ်ပျက်များကို မှတ်တမ်းတင် ရိုက်ကူးခြင်း စသည့် အခြေအနေများသည် သီးခြားအခြေအနေဖြစ်ပါသည်။

## ၁၀။ ပူးပေါင်းပါဝင်၊ ပံ့ပိုးဆောင်ရွက်ပေးခဲ့ကြသည့် လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ

မသန်စွမ်းမှုဆိုင်ရာ ဝေါဟာရ အသုံးအနှုန်း လမ်းညွှန်စာအုပ် ထွက်ပေါ်လာရေးအတွက်ပူးပေါင်းပါဝင် ပံ့ပိုးဆောင်ရွက် ပေးခဲ့ကြသော အဖွဲ့အစည်းများမှာ -

- မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီမှ မသန်စွမ်းကိုယ်စားလှယ်များ
- ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ထိခိုက်လွယ်အုပ်စုများဌာနခွဲ
- လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းဖွံ့ဖြိုးတိုးတက်ရေးဌာနစု
- စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် - ဒေါက်တာကျော်သူဟန်ထွန်း
- ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် - ဦးစောသူရအောင်
- မြန်မာစာအဖွဲ့၊ ရန်ကုန်တက္ကသိုလ်မှ ကထိကများ
- မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် (MFPD)
- မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (MILI)
- မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများ အသင်း (MPHA)
- ရွှေမင်းသားဖောင်ဒေးရှင်း (SMTF)
- မြန်မာနိုင်ငံနားမကြားသူများဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (MDCDA)
- မြန်မာနိုင်ငံခရစ်ယာန်မျက်မမြင်များမိသဟာရ (MCFB - ရန်ကုန်/ မြစ်ကြီးနား)
- မြန်မာနိုင်ငံမျက်မမြင်အသင်း (MNAB)
- မေရီချက်ပ်မင်း နားမကြားသောကလေးများကျောင်း (MCSD)
- ဒေင် မသန်စွမ်းသက်ငယ်များပြုစုရာရိပ်မြုံ (Eden Centre for Disabled Children)
- မြန်မာနိုင်ငံ အော်တစ်ဇင်အသင်း (MAA)
- မြန်မာဒေါင်းဆင်ဒရုန်းအသင်း (MDSA)
- အနာဂတ် ကြယ်ပွင့်လေးများ ဉာဏ်ရည်မသန်စွမ်းသူများ ကိုယ့်အားကိုယ်ကိုးအဖွဲ့ (FS)
- ရန်ကုန် နားမကြား အသင်း (YDA)
- နားမကြားသူများစာတတ်မြောက်ရေးနှင့် ဘာသာစကားဖွံ့ဖြိုးရေးအဖွဲ့ (LLDD)
- ဉာဏ်ရည်မသန်စွမ်းများ၏မိဘများအဖွဲ့ (Shining Stars - မန္တလေး)
- မိုးသောက်ကြယ် ဉာဏ်ရည်မသန်စွမ်းအဖွဲ့ (တောင်ကြီး)
- မသန်စွမ်းဖွံ့ဖြိုးရေးရှေ့ဆောင်အဖွဲ့ (DDI - Kalay)
- ရွှေရောင်အနာဂတ် မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ GFPD (Lashio)
- ပရဟိတ မျက်မမြင် ဘက်စုံ ပညာသင်ကျောင်း (ပြင်ဦးလွင်)
- မသန်စွမ်းသူများ ဘဝ မြှင့်တင်ရေး အဖွဲ့ (DPDO)
- ရခိုင်ပြည်နယ် မသန်စွမ်းသူများအစည်းအရုံး (RSDO)
- ကြည့်မြင်တိုင်မျက်မမြင်ကျောင်း
- နားမကြားသော ကလေးများကျောင်း (ရန်ကုန်)
- နားမကြားသော ကလေးများကျောင်း (မန္တလေး)
- မသန်စွမ်းသက်ငယ် သင်တန်းကျောင်း (ရန်ကုန်)
- မသန်စွမ်းသက်ကြီး သင်တန်းကျောင်း (ရန်ကုန်)
- အလင်းသစ် မသန်စွမ်းသူများအသင်း(မန္တလေး)

- CLAY လှူငယ်ဂေဟာ ပ.လ.န (၁) (မြစ်ကြီးနား)
- ရှေ့ဆောင် မျက်မမြင်ကျောင်း (မိတ္ထီလာ)
- ဖားစည်မြေ မသန်စွမ်းအဖွဲ့ (ဘားအံ)
- မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (မကွေးရုံးခွဲ)
- မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (ဥက္ကံရုံးခွဲ)
- မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (လမိုင်းရုံးခွဲ)
- ရန်ကုန် အကြားအာရုံ မသန်စွမ်းသူများ အသင်း (YAHD)
- မြန်မာ့ရှေ့ဆောင် နားမကြားအသင်း (Deaf Action Myanmar) (ရန်ကုန်)
- Myanmar Deaf Society (မန္တလေး)
- Sign Language Supporters Service (SLSS) (ရန်ကုန်)
- Galilee Blind School (GBS - Kalay)
- The Leprosy Mission Myanmar (TLMM)
- Association for Aids & Relief Japan (AAR Japan)
- Japan Heart (JH)
- Facilitators အဖြစ်ပါဝင်ဆောင်ရွက်ပေးကြသော မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့၊ မြန်မာနိုင်ငံ နားမကြားသူများဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ တို့မှ ကိုယ်စားလှယ်များ
- လုပ်ငန်းစဉ်တစ်လျှောက်ငွေကြေးပံ့ပိုးပေးသော USAID နှင့် FHI 360 Myanmar

# မူပိုင်ခွင့်

ဤစာအုပ်၏ မူပိုင်ခွင့်ကို မြန်မာနိုင်ငံအတွင်းရှိ မသန်စွမ်းသူများအားလုံးပိုင်ဆိုင်ပြီး စာအုပ်ပါအကြောင်းအရာ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း၊ တစ်အုပ်လုံးကိုသော်လည်းကောင်း၊ မည်သူမဆို လွတ်လပ်စွာ ဖြန့်ဝေ၊ ရည်ညွှန်း၊ ကိုးကား၊ ထုတ်ဝေနိုင်သော်လည်း စီးပွားဖြစ်ထုတ်ဝေဖြန့်ချိခြင်းကိုမူ ခွင့်မပြုပါ။ ဤမူရင်း စာအုပ်ပါ အချက်အလက်များ၊ အကြောင်းအရာများအား ပြင်ဆင်၊ မွမ်းမံလိုပါက မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်၏ သဘောတူ ခွင့်ပြုချက်ဖြင့်သာ ပြင်ဆင်မွမ်းမံခွင့်ရှိသည်။

# ရည်ညွှန်းကိုးကားချက်များ


(၁) အာဆီယံအသိုက်အဝန်းအတွင်း မသန်စွမ်းသူများပါဝင်မှုနှင့် မသန်စွမ်းသူများ၏ အခန်းကဏ္ဍ မြင့်မားရေးဆိုင်ရာ ဘာလီကြေညာချက်၊ အာဆီယံမသန်စွမ်းသူများဆိုင်ရာ ဆယ်စုနှစ်လုပ်ငန်းစဉ် (၂၀၁၁- ၂၀၂၀)

(၂) ကုလသမဂ္ဂမသန်စွမ်းသူ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်

(၃) မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅ ခုနှစ်)

(၄) မသန်စွမ်းသူများ၏ အခွင့်အရေး နည်းဥပဒေများ (၂၀၁၇ ခုနှစ်)

(၅) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လူငယ်ရေးရာမူဝါဒ

(၆) သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေ (၂၀၁၆)

(၇) မြန်မာနိုင်ငံမသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၁၆ - ၂၀၂၅)

(၈) မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီမှ ထုတ်ဝေသော သတင်းမီဒီယာကျင့်ဝတ်

(၉) အားလုံးလက်လှမ်းမီ ပါဝင်နိုင်သော ရွေးကောက်ပွဲများအကြောင်း ရေးသားတင်ပြခြင်းဆိုင်ရာ မီဒီယာလမ်းညွှန် (MILI)

(၁၀) မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အရေးဆိုတင်ပြဆွေးနွေးခြင်း လမ်းညွှန် (MILI)

(၁၁) ကုလသမဂ္ဂမသန်စွမ်းသူများအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် အကောင်အထည်ဖော်မှုအား တင်ပြသော အစိုးရ၏ ကနဦးအစီရင်ခံစာအပေါ် ထင်ဟပ်နိုင်းယှဉ်သည့် မသန်စွမ်းသူ အသင်းအဖွဲ့များ၏ အစီရင်ခံစာ

(၁၂) ရသုံးခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာ အချက်အလက်များ (၂၀၁၇-၂၀၁၈ ခုနှစ်၊ ဘဏ္ဍာရေးနှစ်)

(၁၃) Corporate Social Responsibility and Disability (CSR-D)
http://www.myanmar-responsiblebusiness.org/pdf/2014-08-29-CSR-D-Guide.pdf

(၁၄) မီဒီယာများအတွက် မသန်စွမ်းမှုဆိုင်ရာ ဝေါဟာရလမ်းညွှန် FHI 360 Myanmar

(၁၅) စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ Sustainable Development Goals